နေ့စွဲ - ၁၆. ၁၂. ၂၀၁၂

<u>သမိုင်းကဏ္ဍ</u> ***(History)***

## ဂျွန်ဟပ်စ် – ဗိုဟီးမီးယန်းနယ်မှ ပြန်လည်ပြုပြင်သူ
(John Hus: Bohemian Reformer)

**နိဒါန်း**

ပုံမှန်အားဖြင့် ကျွန်တော်တို့သည် မာတင်လူသာက သူ၏နာမည်ကြော် အချက်(၉၅)ချက်ကို၊ (ဂျာမနီနိုင်ငံ)၊ ဝှစ်တင်းဘာ့ဂ်မြို့ငယ်၊ ဘုရားကျောင်းတံခါးဝတွင် ချိတ်ဆွဲလိုက်ချိန်၌ အသင်းတော်ပြန်လည်ပြုပြင်ခြင်း(ရီဖေါ်မေးရှင်း)လုပ်ငန်းကြီး စတင်သည်ဟု သိကြပါသည်။ သို့သော် ဘုရားသခင်က ထို့မတိုင်ခင်ကထဲက စတင်ခဲ့ကြောင်းကို မေ့နေတတ်ကြပါသည်။ ဘုရားသခင်သည် မာတင်လူသာ၏ နေ့ရက်များ မတိုင်မှီကပင် အသင်းတော်ပြန်လည်ပြုပြင်ခြင်း(ရီဖေါ်မေးရှင်း)လုပ်ငန်းစဉ်ကြီးကို စတင်ခဲ့ပြီးဖြစ်ပါသည်။

သမိုင်းပညာရှင်များက "အကြို-ပြန်လည်ပြုပြင်သူများ"ဟု လူနှစ်ဦးကို ခေါ်ကြပါသည်၊- အင်္ဂလန်သား ဂျွန်ဝှစ်ကလစ်နှင့် ဗိုဟီးမီးယန်းသား ဂျွန်ဟပ်စ်တို့ဖြစ်ကြသည်။ သို့သော် သူတို့ကို အကြို-ပြန်လည်ပြုပြင်သူများဟု ခေါ်ခြင်းသည် သူတို့အလုပ်များကို မှန်ကန်စွာ အသိအမှတ်မပြုခြင်းဟု ပြော၍ရပါမည်။ သူတို့သည် အကြို-ပြန်လည်ပြုပြင်သူများထက် မကသူများ ဖြစ်ကြပါသည်။ သူတို့သည် ပြန်လည်ပြုပြင်သူအစစ်များသာ ဖြစ်ကြပါသည်။ အထူးသဖြင့် ဂျွန်ဟပ်စ်သည် ဂျွန်ဝှစ်ကလစ်ထက် ပိုပါသည်။ သူတို့သာ မပေါ်လာခဲ့လျှင် ၁၆ ရာစု ပြန်လည်ပြုပြင်ခြင်းသည် ဖြစ်နိုင်လာဖွယ်ရာ ရှိမည်မထင်ပါ။

ထိုနှစ်ယောက်လုံး ခြားနားကြပါသည်။ ဝှစ်ကလစ်သည် ပညာရှင်(စကော်လာ)ဖြစ်သည်၊ သူ့အတွက် တရားဟောခြင်းသည် ဒုတိယအရေးကြီးဆုံးဖြစ်သည်။ ဟပ်စ် သည် ပထမတန်းစား တရားဟောဆရာဖြစ်သည်၊ သူ့အတွက် ပညာရှင်ဆန်စွာ လေ့လာဆည်းပူးခြင်းသည် ဒုတိယအရေးကြီးဆုံးဖြစ်ပါသည်။ ဖုံတက်နေသော စာကြည့်တိုက်ကြီးများသည် ဝှစ်ကလစ်၏အိမ် ဖြစ်သလို၊ တရားဟောပလ္လင်သည် ဟပ်စ်အတွက် အိမ်ဖြစ်ပါသည်။ ဝှစ်ကလစ်က သူ့တဘဝလုံး ပြန်လည်ပြုပြင်ခြင်းအတွက် အသက်ရှင်ခဲ့ပါသော်လည်း၊ ပြန်လည်ပြုပြင်ပြောင်းလည်းခြင်းအချိန်ထိ ကျန်နေခဲ့မည့် လှုပ်ရှားမှု ဘာတခုကိုမှ ချန်မထားခဲ့ပါ။ ဟပ်စ် ကမူ ပြန်လည်ပြုပြင်ခြင်းလှုပ်ရှားမှုတခုကို စတင်ကာ၊ ၁၆ ရာစု ပြန်လည်ပြုပြင်ခြင်းချိန်ထိအောင် သူ့လှုပ်ရှားမှုက ဆက်လက်နေခဲ့ပါသည်။ ထိုမျှသာမကသေးပါ၊ ယနေ့တိုင်အောင် မိုရားဗီးယန်း(Moravians)အဖွဲ့များအားဖြင့် အစင်ကြယ်ဆုံးပုံစံနှင့် ဆက်လက် တည်ရှိနေပါသေးသည်။ ဝှစ်ကလစ်၏ သွန်သင်ခြင်းများအားလုံး လူသာ၊ ကဲလ်ဗင်းတို့နှင့် ဆင်တူကြပါသည်၊- သို့သော် ဟပ်စ်ကမူ ရိုမန်ကက်သလစ်တို့၏ ပျက်ဆီးမှားယွင်းသော ညစာပွဲတော်မင်္ဂလာကျင်းပပုံကို မည်သို့မျှ အမှားမမြင်နိုင်ခဲ့သည်မှာ ထင်ရှားလှပါသည်။ ဝှစ်ကလစ်၏ တဘဝလုံးက သူမွေးဖွားကြီးပြင်းရာ အလယ်အလတ်လူတန်းစား၏ ရည်မွန်ခြင်းကို ထင်ဟပ်ဖေါ်ပြနေပါသည်၊- ဟပ်စ်ကမူ၊ မာတင်လူသာ၏ပုံစံအတိုင်း၊ ခပ်ကြမ်းကြမ်း လယ်သမားလူတန်းစားဖြစ်ပါသည်။ ဝှစ်ကလစ်ကိုကြည့်ရသည်မှာ ရယ်ရယ်မောမောနေထိုင်ခြင်း ဘာကိုခေါ်သနည်းဆိုသည်ကို သိပုံမရသော်လည်း၊ ဟပ်စ်မှာမူ၊ သူ့ကျောင်းသားများထံ လက်ချာပေးနေချိန်မှာပင် ကျီစယ်စကား၊ ရယ်စရာဟာသ အငေါ့အသွမ်းများကိုထည့်ပြောကာ အားရပါးရ ရယ်မောနေတတ်သူဖြစ်ပါသည်။ ဝှစ်ကလစ်သည် သင်္ချိုင်းသို့ အေးချမ်းစွာသွားခွင့်ရသော်လည်း၊- ဟပ်စ်မှာမူ မာတုရ(အာဇာနည်)တို့၏လမ်းစဉ်အတိုင်း မီးရှို့သတ်ခြင်းကိုခံခဲ့ရပါသည်။ သို့သော် ဘုရားသခင်က နှစ်ဦးစလုံးကို အသုံးပြုခဲ့ပါသည်။

ဂျာမဏီနိုင်ငံ လိုက်ပဇစ်မြို့၌ မာတင်လူသာ ဂျွန်အက်ခ် ဆိုသောသူနှင့် အချေတင်စကားစစ်ထိုးခဲ့ကြစဉ်က၊ အက်ခ်က မာတင်လူသာကို ဟပ်စ်နောက်လိုက်ဟု စွပ်စွဲခဲ့ပါသည်၊ အဘယ့်ကြောင့်ဆိုသော် လူသာက ကျမ်းစာသာလျှင် အမြင့်ဆုံးအာဏာရှိသည်ဟု ပြောခဲ့သောကြောင့်ဖြစ်သည်။ ထိုစဉ်က မာတင်လူသာ ဘာကိုဆိုလိုကြောင်း သိပ်သဘောမပေါက်ခဲ့ပါ၊ နေ့ခင်း စကားစစ်ထိုးပွဲခဏနားစဉ်မှ ဟပ်စ် မည်သည်ကိုရေးသားခဲ့ကြောင်း ပြန်ဖတ်ပါသည်။ ထို့နောက် စကားစစ်ထိုးပွဲပြန်စသည်နှင့် လူသာက ကျယ်လောင်စွာနှင့် "ငါသည် ဟပ်စ်နောက်လိုက်ဖြစ်သည်"ဟု လူတိုင်းအံ့ဩသွားရလေအောင် ကြေညာခဲ့ပါသည်။

**ငယ်စဉ်ဘဝနှင့်ပညာရေး**

ဂျွန်ဟပ်စ် ကို ၁၃၇၃ တွင် ဗိုဟီးမီးယားနယ်၏တောင်ဖက်ပိုင်း၊ ဟူစနစ်ချ်ရွာတွင် မွေးဖွားခဲ့ပါသည်၊ ထို့ကြောင့်သူ့ကို ဟပ်စ်ဟု အမည်ပေးခဲ့ခြင်းဖြစ်သည် (ယျှုအခါ ၎င်းနယ်သည် ချက်သမ္မတ နိုင်ငံထဲတွင်ဖြစ်သည်)။ ဟပ်စ်၏ အဓိပ္ပါယ်မှာ ငန်းဖြူဖြစ်သည်။ သူ့ကိုယ်သူ ထိုနာမည်ဖြင့် မကြာခဏ ခေါ်တတ်ပါသည်။ ခွန်စတဲန့်မြို့တွင် ထောင်ကျနေစဉ်၊ ဗိုဟီးမီးယားမှ သူငယ်ချင်းများထံ စာရေးခဲ့ပါသည်၊ ငန်းဖြူကြီး ထောင်ကျခြင်းမှ ပြန်လွတ်နိုင်မည်ဟု မျှော်မှန်းကာ ရေးခဲ့ခြင်းဖြစ်သည်၊ "သင်တို့ ငန်းဖြူကြီးကို ချစ်ကြလျှင် သူထောင်မှလွတ်ဖို့ ဘုရင့်အကူအညီကို ရအောင် ကြံစောင်ကြပါဟု ရေးခဲ့ခြင်းဖြစ်သည်။ (သူထောင်ကျခြင်းသည် ကက်သလစ်ဂိုဏ်း၏အမှားများကို ဝေဖန်၍၊ ကက်သလစ်များက မတရားထောင်ချခြင်းဖြစ်သည်။)

သူသည် ဆင်းရဲသောလယ်သမားမိဘများမှ မွေးဖွားလာသူဖြစ်သည်။ ထို့ကြောင့် သူ့ဘဝအစများသည် ခက်ခဲကြမ်းတမ်းလှပါသည်။ လယ်ပိုင်ရှင်မူးမတ်များနှင့်မင်းသားများ၏ ဖိနှိပ်မှုများအောက်တွင် ဖြစ်သည်။ ထိုသို့ခက်ခဲလှသော လယ်သမားများဘဝသည်၊ မူးရူးသောက်စားခြင်း၊ ကြမ်းတမ်းစွာနေထိုင်ခြင်းကို မွေ့လျော်ခြင်း၊ ကိုယ်ကျင့်တရားပျက်ပြားခြင်း၊ အထူးသဖြင့် ဖို/မကိစ္စတွင်အလွန်စည်းကမ်းပျက်ခြင်းတို့၌သာ ကျင်လည်နေကြပြန်ပါသည်။ သူရေးသောနောက်ပိုင်းစာများအရ ဟပ်စ်သည်လည်း ထိုသို့သော ပတ်ဝန်းကျင်၌ မထူးဇတ်ခင်း၍သာ နေခဲ့သည်ကို သိရပါသည်။ သို့သော် သူက အခိုင်အမာပြောသည်မှာ မူးရူးကြမ်းတမ်းခဲ့ပါသော်လည်း၊ သူ့ရွယ်တူများကဲ့သို့ ဖို/မကိစ္စတွင်တော့ လုံးဝမကျူးလွန်ခဲ့ပါဆိုသည့်အကြောင်း ဖြစ်ပါသည်။ ထိုသို့သောအခြေအနေဆိုးမှ ဘုရားသခင်သည် သူ့ကို ကယ်တင်ကာ ပို၍ကြီးကျယ်သောကိစ္စများအတွက် သူ့ဘဝကို ပြင်ဆင်ခဲ့ပါသည်။

သူမိဘများမှာ ဘုရားတရားကြောက်ရွံ့ရိုသေခြင်း လုံးဝမရှိသူများဖြစ်ကြသဖြင့်၊ ဂျွန်၏ဝိညာဉ်ရေးရာအတွက် ဘာကိုမှ မသွန်သင်နိုင်ခဲ့ကြပါ။ ဂျွန်ကို ကျောင်းတက်စေချင်ကြသည်၊ အဘယ့်ကြောင့်ဆိုသော် ထိုလမ်းသည်သာ ဂျွန်နှင့်သူတို့ နစ်ဝင်နေသည့် ဆင်းရဲတွင်းမှ လွတ်မြောက်နိုင်ရာ တခုတည်းသောလမ်းဟု မြင်ကြ၍ဖြစ်ပါသည်။ ကက်သလစ်ဘုန်းကြီးဖြစ်လာအောင် စာသင်ခြင်းသည် တခုတည်းသော ချမ်းသာရာလမ်းဖြစ်သည်ဟုသာ သဘောပေါက်ကြသူများဖြစ်ကြပါသည်။ ထိုခေတ် ကက်သလစ်ဂိုဏ်း၏ စိတ်ပျက်စရာအခြေအနေ ပြယုတ်တခုသာဖြစ်ပါသည်။

ဂျွန်တယောက် အလွန်မြင့်သောပညာတတ်တဦး ဖြစ်လာခဲ့ပါသော်လည်း၊ လယ်သမားဘဝမှလာရောက်သူဖြစ်ခြင်းသည် ဘဝတလျှောက် ကျန်နေပါသည်။ သူ့ရန်သူများက သူ့ကို နှိမ်သည့်အနေနှင့် ထိုကိစ္စကို အမြဲတမ်းပြောလေ့ရှိကြပါသည်။ လမ်သမား ငတုံး၊ ငအေဟု အမြဲ တိုက်ရိုက် နှိမ်တတ်ကြပါသည်။

သူ့အသက် ၁၃ နှစ်၊ ၁၃၈၅ တွင် အခြေခံပညာရေးကို ပရာချာတိုက်စ်မြို့ ကျောင်းတွင် စတင်သင်ကြားခဲ့ပါသည်။ ထိုအခြေခံကို ၁၃၉ဝ တွင် ပြီးမြောက်သဖြင့်၊ ပရတ်မြို့တော် တက္ကသိုလ်ကြီးသို့ ဆက်တက်ပါသည်၊ ဘီအေ ဒီဂရီကို ၁၃၉၃၊ အသက် ၂၀ အရွယ်တွင် ရရှိခဲ့သည်။ အမ်အေ ဒီဂရီကို ၁၃၉၆၊ ဘီဒီ ဒီဂရီကို ၁၄၀၄ တွင် ရရှိပါသည်။ သူ အမ်အေ ဘွဲ့ရသည်အထိ၊ ငွေကြေးအရ အတော်ခက်ခဲခဲ့ပါသည်။ သီချင်းဆိုခြင်းဖြင့်၎င်း၊ မျိုးစုံသောအလုပ်ကြမ်းများ လုပ်ကိုင်ခဲ့ခြင်းဖြင့်၎င်း ကျောင်းစရိတ်ကို ရှာဖွေခဲ့ရပါသည်။ သို့သော် အမ်အေဘွဲ့ရပြီးသော်၊ သင်ပေးနိုင်သူအဖြစ် အရည်အချင်းမှီလာပါသည်။ ထို့ကြောင့် တက္ကသိုလ်ကြီးတွင် စာပြခဲ့ပါသည်။ မကြာပါ၊ သူသည် တက္ကသိုလ်တွင် ပေါ်ပြူလာအဖြစ်ဆုံး ကျောင်းဆရာဖြစ်လာပါသည်၊ ထိုသို့ဖြစ်ရခြင်းမှာ တစိတ်တပိုင်းအားဖြင့်၊ ရှေးပုံစံဟောင်း ခပ်တည်တည်၊ မျက်နှာထားတင်းတင်းဖြင့် သင်ပြဟန်ကို တော်လှန်၍၊ ရယ်မောပျော်ရွှင်စွာ သင်ပေးသောပုံစံကို စတင်ကျင့်သုံးသောကြောင့်၊ သူ့ကျောင်းသားများနှင့်လည်း ပြင်ပတွင် အကျွမ်းတဝင်နေထိုင်သောကြောင့် ဖြစ်ပါသည်။

**တရားဟောဆရာ ဂျွန်ဟပ်စ်**

၁၄၀၂ တွင် ဂျွန်သည် ပရတ်မြို့တော်၊ ဗက်သလီဟဲမ်၏ သန့်ရှင်းသော ကလေးငယ်များ ဘုရားကျောင်းတွင် ကထိကနှင့် တရားဟောဆရာအဖြစ် ခန့်အပ်ခြင်းကို ခံရပါသည်။ ထိုသို့ဖြင့် ဂျွန်သည် ဗိုဟီးမီးယားပြည့်နယ်တခုလုံး၏ အရေးကြီးဆုံးရာထူးနှစ်ခုကို တချိန်ထဲတွင် ကိုင်တွယ်ခွင့်ရလာပါသည်၊ သူကိုယ်တိုင်ကတော့ ထိုအရေးပါမှုကို သတိပြုခဲ့မိဟန် မတူပါ။ ပရတ်မြို့တော်သည် ပြန်လည်ပြုပြင်ခြင်း(ရီဖော့မ်) အစဉ်အလာ ရှည်လျားစွာရှိသော မြို့တမြို့ဖြစ်သည်၊ ထူးချွန်လှသော တရားဟောဆရာများ ရှိခဲ့ကြောင်း ကြွားနိုင်သောမြို့လည်းဖြစ်သည်၊ ကျမ်းစာကပင်တိုက်ရိုက် တရားဟောကြသူများ ရှိကြပါသည်။ ထိုဓလေ့ထုံးစံကို ဟပ်စ်က အမွေရခြင်းဖြစ်ပါသည်။ ပရတ်မြို့တော် တက္ကသိုလ်သည် ထိုပြန်လည်ပြုပြင်ခြင်းလှုပ်ရှားမှု၏ ဗဟိုချက်မဖြစ်ပါသည်၊ အသစ်သော အိုင်ဒီယာများ ပေါ်ထွန်းရာဒေသ၊ အသင်းတော်အတွက် ပရိုဂရမ်အသစ်များ အမြဲတမ်းထွက်ပေါ်လာရာ၊ အစဉ်အဆက်တွေးခေါ် ဆွေးနွေးတင်ပြရာ နေရာတခုဖြစ်ပါသည်။ ဟပ်စ် ခန့်အပ်ခံရသောဘုရားကျောင်းကို ၁၃၉၁ တွင် ချမ်းသာသောကုန်သည်တဦးက ပြန်လည်ပြုပြခြင်းအတွေးအခေါ်များ ဟောကြားရာနေရာအဖြစ် တည်ထောင်ဆောင်လုပ်ခဲ့ခြင်းဖြစ်ပါသည်။

ဟပ်စ် ပြောင်းလဲပြီးသည်နှင့်စတင်၍တရားဟောခဲ့ပါသည်။ ကြည့်ရသည်မှာ သူ့အား တရားဟောဆရာအဖြစ်ခန့်အပ်ခံရချိန်နှင့် သူပြောင်းလဲချိန်တို့ တိုက်ဆိုင်ပုံရပါသည်။ ၁၄၀၀ ခုနှစ်မတိုင်မှီကပင် သူသည် ဆင်းရဲခြင်းမှလွတ်မြောက်ဖို့လမ်းဟု ခိုင်မာစွာသဘောပေါက်လျှက် ဘုန်းတော်ကြီးဖြစ်လာရန် သင်ကြားပြီးဖြစ်နေခဲ့ပါသည်။ သို့သော် တကယ်တရားဟောရခြင်းဆိုသော တာဝန်နှင့် နဖူးတွေ့ဒူးတွေ့ ရင်ဆိုင်ရသောအခါ၊ သူ့ဘဝသည် အခြေခံမှစ၍ ပြောင်းလဲသွားခဲ့ပါသည်။ ခရစ်တော်၏ဧဝံဂေလိတရား ဟောကြားခြင်းတာဝန်သည် အင်မတန်ကြီးသောတာဝန်ကြီးဖြစ်ကြောင်း ဩတ္တပ္ပစိတ်ထဲမှ သဘောပေါက်လာပါသည်။ သူကိုယ်တိုင်က တရားဟောခြင်းတာဝန်သည် မည်မျှကြီးမားလှကြောင်းကို ဤသို့ရေးခဲ့ပါသည်၊ “ဘုရားသခင့်အကူအညီအားဖြင့် ငါ တရားဟောခဲ့ပါသည်၊ ယျှုတိုင်အောင်လည်း ဟောနေဆဲဖြစ်ပါသည်၊ အကယ်၍ သူ့ကျေးဇူးတော်ကသာ ခွင့်ပြုလျှင်၊ ဆက်လက်၍လည်း ဟောကြားနေပါဦးမည်၊- ထိုသို့ဖြင့် ငါသည် အချို့သော ဆင်းရဲဒုက္ခတွေ့နေသည့်၊ စမ်းခြင်းခံနေရသည့်၊ မသန်မစွမ်းဖြစ်နေသည့် ဝိညာဉ်တစုံတခုကို ခရစ်တော်၏အိမ်တော် ဘုရင့်ညစာပွဲတော်သို့ ခေါ်ကောင်းခေါ်နိုင်ပါလိမ့်မည်။”

**အသင်းတော်ပြန်လည်ပြုပြင်သူ(ရီဖေါမ်းမား)**

ဂျွန်ဝုစ်ကလစ်၏သွန်သင်ခြင်းများ ဗိုဟီးမီးယားနယ်သို့ ၁၃၉၀ ခန့်ကပင် စောစီးစွာရောက်လာခဲ့ပါသည်။ အင်္ဂလန်နှင့် ဗိုဟီးမီးယားနယ်တို့ မဟာမိတ်ဖွဲ့ခဲ့ကြသည်၊ အဘယ့်ကြောင့်ဆိုသော် အင်္ဂလန်ဘုရင်၊ ဒုတိယမြောက် ရစ်ချက် က ဗိုဟီးမီးယားဘုရင်၏ညီမဖြစ်သူ၊ မင်းသမီး အဲန်း ကို လက်ထပ်သောကြောင့်ဖြစ်သည်။ ပညာရှင်(စကော်လာ)များ တတိုင်းပြည်မှတတိုင်းပြည်သို့ သွား

လာခဲ့ကြသည်။ ထို စကော်လာထဲမှ အထင်ပေါ်ဆုံးမှာ ပရတ်မြို့တော်သား ဂျရောမ်းဖြစ်သည်။ အောက်စဖို့ဒ်တက္ကသိုလ်တွင် ကြာမြင့်စွာနေထိုင်ခဲ့သည်၊ အောက်စဖို့ဒ်သည် ဂျွန်ဝုစ်ကလစ်၏နယ်ဖြစ်သည်၊ ထို့ကြောင့် ထိုနေရာတွင် ဂျရောမ်းက ဝုစ်ကလစ်၏ သွန်သင်ခြင်းအားလုံးကို သောက်သုံးလေ့လာပါတော့သည်။ သူပြန်လာသောအခါ၊ ဝုစ်ကလစ်၏ စာအုပ်များနှင့်သွန်သင်ခြင်းများကို ပရတ်တမြို့လုံးနှင့် တက္ကသိုလ်တခုလုံးသို့ ပြန့်နှံ့စေခဲ့ပါသည်။

ပြည်လည်ပြုပြင်ခြင်းသည် လေထဲတွင် နှစ်များစွာကထဲက ကြေညာနေပြီဖြစ်သော်လည်း၊ ဝုစ်ကလစ်၏ သွန်သင်ခြင်းများ ပြန့်နှံ့လာမှုက ၎င်းပြန်လည်ပြုပြင်ခြင်းကို လမ်းညွှန်ချက်နှင့် ဩဝါဒဆိုင်ရာအခြေခံအုတ်မြစ်ကို ပေးပါတော့သည်။ ဂျွန်ဟပ်စ်သည် ဝုစ်ကလစ်၏သွန်သင်ခြင်းများကို ရင်းနှီးစွာသိခဲ့ပါသည်။ ၎င်းတို့သည် အမှန်တရားဖြစ်ကြောင်းလည်း သဘောပေါက်လာသည်။ ထို့ကြောင့် သူကိုယ်တိုင်ကပင် ၎င်းတို့ကို တက္ကသိုလ်တွင် သင်ပါတော့သည်၊ ထို့နောက် သူ့တရားပလ္လင်မှလည်း ဟောကြားပါသည်။ မကြာလှသောအချိန်တွင် ရိုမန်ကက်သလစ်ဂိုဏ်း၏ ဒေါသအိုးကြီး သူ့ထံတည့်တည့် ပေါက်ကွဲလာခြင်းသည် ဘာအံ့ဩစရာမှ မလိုသောအချက်ဖြစ်ပါသည်။ ယေဘုယျပြုပြင်ခြင်း(general reform)ဆိုသော ဘုန်းတော်ကြီးများ၏ ဆိုးညစ်အကျင့်ပျက်မှုများကို ဆန့်ကျင်တရားဟောသော် များစွာသော ကက်သလစ်များက ထိုသို့သောပြုပြင်ခြင်း(ရီဖေါ့မ်)လှုပ်ရှားမှုမျိုးကို ထောက်ခံကြပါသည်။ သို့သော် ဟပ်စ်နှင့် အခြားသူများက ဩဝါဒဆိုင်ရာပြုပြင်ခြင်း(doctrinal reform)နှင့် ကိုယ်ကျင့်တရားဆိုရာပြုပြင်ခြင်း(ethical reform)တို့ကို စတင်ဟောကြားကြသော်အခါ၊ ပထမပိုင်းထောက်ခံနေကြသော ကက်သလစ်များ သူတို့ကို ပြန်လည်ဆန့်ကျင်လာကြပါတော့သည်။ အထူးသဖြင့် ဟပ်စ်ကို ဆန့်ကျင်ကြသည်။

ဟပ်စ် စတင်တရားဟောစဉ်ကပင် သံသယမျက်လုံးများနှင့် ကြည့်နေခဲ့ကြပုံရပါသည်။ စုစောင်းထားသော မှတ်တမ်းများ ဟပ်စ် ကို သတ်ကြခါနီးတွင် ဖေါ်ထုတ်တင်ပြလာကြပါသည်။ ထိုမှတ်တမ်းသည် ဟပ်စ်၏ တရားဟောချက်များထဲမှ အချို့တို့ကို ကိုးကားထားသောမှတ်တမ်းဖြစ်သည်။ တိတ်တဆိတ်ပြုစုထားကြကာ၊ တနေ့တွင် ဟပ်စ်ကို မှားယွင်းသောဩဝါဒများသင်ပေးသူအဖြစ် သတ်မှတ်ခုံရုံးတင်ဖို့ ရည်ရွယ်ချက်ရှိရှိပြုစုထားသော မှတ်တမ်းများဖြစ်ကြသည်။ သို့သော် ရိုမန်ကက်သလစ်ဂိုဏ်း၏အမှားများသည် ၎င်း၏မှားယွင်းသောဩဝါဒများကြောင့်ဖြစ်သည် ဆိုသောအမှန်တရားကို ဟပ်စ် ပို၍အထူးပြုလေလေ၊ သူ့အား ထောက်ခံသူများ နည်းလာလေလေ ဖြစ်လာပါသည်။ အသင်းတော်မှ၊ နိုင်ငံရေးသမားများမှ၊ ဩဇာအာဏာရှိသူများထံမှ ပို၍ ထောက်ခံသူနည်းလာလေလေ ဖြစ်ရပါသည်။ သူသင်သော တက္ကသိုလ်မှကျောင်းသားများနှင့် သူတရားဟောခြင်းကို ချစ်မြတ်နိုးကြသော သာမန်လူများကသာ သူ့ကို ဆက်လက်၍ ထောက်ခံကြပါသည်။

**ဆန့်ကျင်မှုများ**

ဟပ်စ်အားဆန့်ကျင်မှုများ ပို၍များပြားလာခဲ့ပါသည်။ များစွာသောဖိအားများ သူ့ထံ ကျရောက်ပါသည်။ ပထမ၊ ဟပ်စ်၏ သွန်သင်ခြင်းများဟု ဆိုသော အချက်(၄၅)ချက်ကို စတင်စီရင်ချက်ချပါသည်။ ထို့နောက် ဘုရားကျောင်းအားလုံးတွင် ထိုသို့သွန်သင်ခြင်းအား တားမြစ်ကြသည်။ ဟပ်စ်က ထိုသို့မလုပ်နိုင်ဟု ငြင်းဆန်သောအခါ၊ သူ့အထက် ဘုန်းတော်ကြီးက သူ့ကို အသင်းတော်မှ နှင်ထုတ်ပါသည်။ မကြာမီ ရောမမြို့တော်သို့ တရားစီရင်ခံရရန် ဆင့်ခေါ်ခံရပါသည်။ ရောမသွားလျှင် ဘယ်တော့မှ အသက်ရှင်လျှက် ပြန်မလာနိုင်ဟု သိသဖြင့် သွားဖို့ ငြင်းဆန်ခဲ့ပါသည်။ ထို့ကြောင့် ပုတ်ရဟန်းမင်းကိုယ်တိုင်က သူ့ကို အသင်းတော်မှ နှင်ထုတ်ပါသည်။ ထိုမျှမကသေးပါ၊ ပရတ်မြို့ကိုလည်း ကက်သလစ်အသင်းတော်၏အရေးယူခြင်းအောက်တွင်ထားပစ်လိုက်သည်၊ ထိုသို့ဖြင့် တမြို့တော်လုံးတွင် ဘာသာရေးပွဲလမ်းစည်းဝေးခြင်းများ မလုပ်နိုင်တော့ရန်ဖြစ်သည်။ တဖြည်းဖြည်း ရိုမန်ကက်သလစ်ဂိုဏ်းက မိမိခွန်အားဖြင့် ဟပ်စ်ကို ထောင့်တထောင့်သို့ ချောင်ပိတ်လာပါတော့သည်။

မြို့သူမြို့သားများအား သနားသဖြင့်၊ ထိုသို့ဖြင့် ကက်သလစ်ဂိုဏ်း၏အရေးယူမှု ပြန်လည်ရုတ်သိမ်းနိုင်ရလေအောင်၊ ဟပ်စ် ပရတ်မြို့တော်မှ၊ မိမိဇာတိမြို့ကလေးသို့ ထွက်သွားခဲ့ပါသည်။ သို့သော် သူ့မြို့ကလေးသည် မကြာမီ တရားဟောခြင်း၏ဗဟိုနေရာ ဖြစ်လာပြန်ပါသည်။ ပတ်ဝန်းကျင် တောရွာများအားလုံးသို့ ဟောကြားခဲ့သည်၊ ထို့အပြင် စာရေးဖို့ အေးအေးနေရခြင်းကိုလည်း၊ အပိုဆုအဖြစ် ရရှိပါသေးသည်။ ထိုသို့ပြောင်းသွားခြင်းက သူ၏အာနိသင်ရှိစွာလုပ်ကိုင်ခြင်းကို နည်းနည်းမှ လျှော့မသွားစေခဲ့ပါ။ ထိုမှဆန့်ကျင်စွာ ပရတ်မြို့တော်ဝန်းကျင်ပြင်ပသို့လည်း ဟပ်စ်၏သွန်သင်ချက်များ ပြန့်နှံ့သွားဖို့ ဘုရားသခင်အသုံးပြုသော နည်းလမ်း ဖြစ်နေပါသည်။

မည်သို့ပင်ဖြစ်ပါစေ၊ ရိုမန်ကက်သလစ်ဂိုဏ်းသည် ဟပ်စ်ကို နည်းနည်းမှ သည်းမခံနိုင်တော့ပါခြေ။ သူ့အား ခွန်စတဲန့်ညီလာခံသို့၊ ၁၄၁၄ တွင် ဆင့်ခေါ်ခဲ့ကြသည်၊ ပုတ်ရဟန်းမင်းများကွဲပြားနေမှုပြဿနာကို အဆုံးသတ်ရန်ကျင်းပသော ညီလာခံဖြစ်သည်။ ထိုစဉ်က ပုန်ရဟန်းမင်း သုံးယောက်ဖြစ်နေပါသည်၊ သုံးဦးစလုံးက မိမိသာလျှင် ပုတ်အစစ်ဖြစ်ကြောင်း ကြေညာနေကြသည်။ ကက်သလစ်ဂိုဏ်း၏ မိမိကိုယ်ကို ကြီးကျယ်သူဟုပြောနေခြင်းအား အတော်နာမည်ပျက်စေသောကိစ္စဖြစ်ပါသည်။

**တရားစီရင်ခံရခြင်းနှင့် မာတုရ(အာဇာနည်)အဖြစ်သေဆုံးခြင်း**

အင်ပါယာပြည့်ရှင် ဘုရင် စီဂျီစမန့် က ဟပ်စ်အား ခွန်စတဲန့်ညီလာခံက မည်သို့ဆုံးဖြတ်ပါစေ၊ အန္တရယ်ကင်းစွာ ပြန်ရမည်ဟု ကတိပေးသဖြင့် သွားခဲ့သည်။ ထိုကတိပေးမှုကြောင့် ဟပ်စ် ခွန်စတဲန့်ညီလာခံသို့ သွားခဲ့သော်လည်း၊ ထိုနေရပ်မှ အသက်ရှင်လျှက် တကယ်ပြန်ထွက်လာရမည်ဆိုသည်ကိုတော့ မသေချာခဲ့ပါ။ သူ့သူငယ်ချင်းများအား၊ သူ၏သခင်နှင့်ကယ်တင်ရှင်ဖြစ်သူ သခင်ယေရှုအား သစ္စာရှိစွာယုံကြည်သည်ကို သက်သေပြဖို့ မဖြစ်မနေသွားရန်လိုပါသည်ဟု ပြောကြားခဲ့ပါသည်။

ဟပ်စ်သည် သူ့ဇာတိမြို့တွင်သာ ဆက်နေပါက ပို၍လုံခြုံခဲ့မည်သာဖြစ်ပါသည်။ ခွန်စတဲန့်ညီလာခံတွင် သူ့အားစွပ်စွဲကြသူများကို ဤသို့ ပြန်လည်ပြောကြားခဲ့ပါသည်၊ “ငါ့ကိုယ်ပိုင်လွတ်လပ်ခွင့်နှင့် ငါလာရောက်ခဲ့ခြင်းဖြစ်သည်။ ငါသာ မလာချင်ခဲ့လျှင်၊ ထိုဘုရင်(ဝင်ဇယ်ဘုရင်)ကဘာပြောပြော၊ ဒီဘုရင်(ဘုရင် စီဂျီစမန့်)ကပြောပြော ငါလာမည်မဟုတ်ပါ။ ငါ့အားချစ်မြတ်နိုးကြသည့် ဗိုဟီးမီးယန်းမှူးမတ်များသည် ဩဇာအာဏာကြီးလွန်းကြသဖြင့်၊ သူတို့ရဲတိုက်များထဲတွင် ငါပုန်းနေ၍ရပါသည်။”

ခွန်စတဲန့်မြို့တွင်နေထိုင်စဉ်၊ တလခန့်၊ လွတ်လပ်စွာသွားလာခွင့် ရခဲ့ပါသည်။ နေ့စဉ် သူနေသောအိမ်၌ ညစာပွဲတော်မင်္ဂလာကို ကျင်းပပေးနေနိုင်ခဲ့ပါသည်။ မုဆိုးမအို၏ အိမ်တွင်နေခွင့်ရခြင်းဖြစ်သည်၊ သူ့ကို ဟပ်စ်က “ဇီရာဖတ်မှမုဆိုးမ”ဟု ခေါ်ခဲ့ပါသည်(ဓမ္မဟောင်းကာလ ပုရောဖက် ဧလိယအား ကျွေးမွေးခဲ့သောမုဆိုးမကိုရည်ညွှန်းခြင်း၊ ဘာသာပြန်သူ)။ သို့သော် ရိုမန်ကက်သလစ်ဂိုဏ်း၏ ဘုရားတရားမဲ့သော၊ သစ္စာဖေါက်ကြသော ဘုန်းတော်ကြီးများက ဟပ်စ် လွတ်လာစွာနေခြင်းကို ခွင့်မပြုနိုင်ကြတော့ပါ၊ ထို့ကြောင့် သူသည် ထောင်ချခံရပါသည်၊ မြို့မှ ထွက်ပြေးဖို့ ကြိုးစားသည်ဟု မမှန်ဘဲစွပ်စွဲကာ ထောင်ချကြခြင်းဖြစ်သည်၊ သူတို့လုပ်နေကြပုံစံ ဖြစ်ပါသည်။

သုံးလတိတိ သူသည် ဒိုမီနီကန်(ကက်သလစ်)ဂိုဏ်း၏ အိမ်သာ/မစင်တွင်းများနှင့် ဆက်နေသော မြေတိုက်ထဲတွင် အကျဉ်းကျနေခဲ့ရပါသည်။ မတ်လ ၂၄၊ ၁၄၁၄ တွင် သူ့ကို သံချိန်းကြိုးများခတ်ကာ၊ ဂေါ့တဲလ်လီဗင်ရဲတိုက် မြေအောက်အကျဉ်းတိုက်သို့ ရွှေ့ပြောင်းကြပြန်သည်။ ထိုနေရာတွင် သူ့ကို လက်ထိပ်ခတ်ကာ၊ ညတိုင်း နံရံပေါ်တွင် တုတ်နှောင်ထားကြပါသည်။ နေ့တွင်တော့ ချိန်းကြိုးခတ်လျှက် သွားလာခွင့်ရပါသည်။ ၇၃ ရက်ကြာပြီးသော်၊ သူ့ကို ဖရန်စစ်ကန်ဘုန်းတော်ကြီးထံ မျိုးစုံသောရက်စက်စွာနှိပ်စက်မှုခံဖို့၊ ထိုသို့ဖြင့် နောင်တရပါသည်ဟုပြောလာဖို့ ပို့လိုက်ခြင်း ခံရပါသည်။ သူ့အားနှိပ်စက်သော ဘုန်းကြီးသည် နှလုံးသား မရှိသူ၊ ရက်စက်ကြမ်းကြုတ်လှသူ ဖြစ်ပါသည်။ သူထောင်ကျနေစဉ်တလျှောက် မည်သည့်စာအုပ်မှ ဖတ်ခွင့်မရပါ၊ သူ့ကျမ်းစာအုပ်ကိုပင် ဖတ်ခွင့်မရခဲ့ပါ။ သူကို အစာငတ်ထားကြသည်မှ သေမတတ်ဖြစ်ပါသည်၊ ထိုစဉ်တလျှောက် သူ့သည် ရက်စက်ကြမ်းကြုတ်စွာ ဆက်ဆံခံခဲ့ရပါသည်။ ထို့ကြောင့် သူသည် အတွင်းကြေကြေကာ ဦးခေါင်းတွင်း သွေးယိုဆီးခြင်း၊ ခေါင်းကိုက်ခြင်း၊ အဆက်မပြတ်အော့အန်ခြင်း၊ မကြာခဏမူးမေ့ခြင်းတို့ကို ခံစားလာရပါသည်။ နောက်ဆုံးတွင် သူ့ကို ညီလာခံရှေ့ ထုတ်လာခဲ့ကြပါသည်။ ဘာမှ ပြောဆိုခွင့် မရပါ။ သူဘာယုံကြောင်း သက်သေခံမည်ဟု အကြိမ်ကြိမ်ကြိုးစားသော်လည်း အခွင့်မရပါ။ ဘုရားသခင်က သူ့နုတ်ဖြင့် ဝန်ခံချက်ပြုခြင်းလောက်ကို ခွင့်မပြုတော့သလိုဖြစ်ပါသည်၊ ထို့ထက်ပို၍ပြင်းထန်သော ဝန်ခံချက်ကို ပြုဖို့ အလိုရှိပါသည်၊ မာတုရ(အာဇာနည်)အဖြစ် သေဆုံးခြင်းဝန်ခံချက်ကို ဖြစ်ပါသည်။

တရားစီရင်ပုံမှာ ရယ်စရာကောင်းလှပါသည်၊ ဖြောင့်မှန်ခြင်းဆိုသောစကားလုံးနှင့် သက်ဆိုင်သမျှ ဥပဒေများကို လစ်လျူရှုကြလျှက် ဖြစ်ပါသည်။ ဟပ်စ်ကို မျိုးစုံသော သရော်ခြင်း၊ နှိမ်ခြင်း၊ လှောင်ပြောင်ခြင်း၊ အရှက်ခွဲခြင်းအဆုံးစွန်ဖြင့် ဆက်ဆံခဲ့ကြပါသည်။ သူ့ကိုယ်ပေါ်ရှိ ဘုန်းတော်ကြီးဝတ်ရုံကို လူထုရှေ့တွင် ချွတ်ချခြင်းဖြင့် ရက်စက်သောရာထူးဖြုတ်ချခြင်းကို လူပုံအလယ် အရှက်ကွဲဖို့ တမင်သက်သက် ပြုခဲ့ကြပါသည်။

နောက်ဆုံးတွင် သူ့ကို တိုင်ပေါ်တွင် အရှင်လတ်လတ်မီးရှို့သတ်ဖို့ စီရင်ချက် ချကြပါသည်။ ကက်သလစ်ညီလာခံက လူ့အသွေး သူတို့အပေါ် ကျမည်ကို ကြောက်ကြသဖြင့်၊ အရပ်ဖက်အာဏာပိုင်များက ကွတ်မျက်ခြင်းကို လုပ်စေဟု အမိန့်ပေးခဲ့ကြပါသည်။

ထိုနေရာတွင် ဘုရားသခင့်ဉာဏ်ပညာတော်ကြီးမားလှခြင်းအား အရိပ်အမြွတ်ကလေး တွေ့မြင်နိုင်ပါသည်။ ဟပ်စ်ကို သေဒဏ်ကျခံစေသောအခါ၊ အင်ပါယာပြည့်ရှင် ဘုရင် စီဂျီစမန့်၊ ထိုညီလာခံတွင်ရှိနေခဲ့သည်၊ ဟပ်စ်အား ကယ်တင်ဖို့ ကြိုးစားပါသည်၊ ငါကိုယ်တိုင်က သူ့ကို အသက်နှင့်ပြန်ရမည်ဟု ကတိပေးထားကြောင်း ပြောပါသည်။ သို့သော် တကယ်တမ်းကယ်တင်ဖို့ သတ္တိမရှိခဲ့ပါ။ သို့သော် ဟပ်စ်သေဆုံးဖို့ မီးတောက်နီရဲရဲများ တောက်လောင်သည်ကိုတော့ အရှက်ရသဖြင့် နီရဲနေသောမျက်နှာဖြင့် သွားကြည့်ဖို့ ဂရုဏာတော့ ပြုခဲ့ရှာပါသည်။ ထိုအဖြစ်အပျက်ကို ဤအတိုင်းကြည့်လျှင် ဘာမှ အရေးမကြီးသလို ထင်ရပါသော်လည်း၊ နောက်နှစ်ပေါင်း ၁၀၀ ကြာသောအခါ၊ မာတင်လူသာသည်လည်း ထိုသို့ပင် ဂျာမနီအင်ပါယာပြည့်ရှင် ပဥ္စမမြောက် ချားလ်ဘုရင်က ဝါမ်းမြို့ကက်သလစ်ညီလာခံသို့ အသက်မသေရကတိဖြင့်၊ မိမိ၏ကျမ်းစာအပေါ် ရဲဝံ့စွာရပ်တည်ချက်ကို ကြေညာဖို့ သွားရမည့်အချိန် ရောက်လာခဲ့ပါသည်။ ထိုအချိန်တွင်လည်း ရိုမန်ကက်သလစ်များက လူသာကို သတ်ဖို့ လုပ်ကြပြန်ပါသည်။ သို့သော် ချားလ်ဘုရင်က သူ့ကတိကို မဖြစ်မနေ လုပ်ရမည်ဟု ဩဇာပေးလာပါသည်။ နောက်ပိုင်းတွင် ချားလ် ဘုရင်ကို အဘယ့်ကြောင့် ကက်သလစ်ဆန့်ကျင်သူ မာတင်လူသာကို ထိုသို့လွတ်ခွင့်ပေးရသနည်း?ဟု မေးကြသော်အခါ၊ ချားလ် ဘုရင်က “ဘုရင် စီဂျီစမန့်၏ ရှက်၍နီရဲနေသောမျက်နှာကို ငါ ကောင်းကောင်းမှတ်မိသည်”ဟု ပြန်ပြောလိုက်ပါသည်။ ဘုရားသခင်က ဘုရင် စီဂျီစမန့်၏ ရှက်နေသောမျက်နှာကို အသုံးပြုလျှက် လူသာ၏အသက်ကို ကယ်တင်ခဲ့ပါသည်။

မီးရှို့အသတ်ခံရမည့်နေရာသို့အသွား၊ လမ်းတွင် လူထုထံစကားပြောဖို့ ဟပ်စ် အကြိမ်ကြိမ် ကြိုးစားပါသည်၊ သို့သော် ကြိုးစားတိုင်း တိတ်တိတ်နေဖို့ ပြောခြင်းခံရပါသည်။ နောက်ဆုံးတွင်၊ မီးရှို့သတ်မည့်တိုင်သို့ လူအုပ်ကြီးရောက်ပါသည်၊ ဟပ်စ်သည် မျက်ရည်ကျလျှက် ဆုတောင်းဖို့ ဒူးထောက်ပါသည်။ နေ့ခင်းမွန်းတည့်ချိန်ဖြစ်သည်။ ဟပ်စ်၏လက်များကို နောက်ဖက်တွင် တုတ်နှောင်ထားကြသည်။ သူလည်ပင်းကို တိုင်တွင် ကျပ်ခိုးစွဲနေသော သံကြိုးဖြင့် ချည်နှောင်ကြသည်။ ကောက်ရိုးနှင့်ထင်းများကို သူ့မေးစေ့ ရောက်သည်အထိ သူ့နံဘေးတွင် ပုံကြသည်။ ရေနံဆီကို ထင်းပုံအပေါ် ထပ်လောင်းကြပါသည်။ နောက်ဆုံးအကြိမ် နောင်တရမည်လောဟု မေးကြပြန်ပါသည်။ သူ့အဖြေမှာ၊ “ဒီနေ့ ငါ ပျော်ရွှင်စွာ သေမည်၊ ငါဟောကြားခဲ့သော ဧဝံဂေလိအပေါ် ယုံကြည်လျှက် သေပါမည်၊” ဟူ၍ဖြစ်သည်။ မီးတောက်များ သူ့ဘေးနားထလာကြစဉ် သူသည် နှစ်ကြိမ်တိုင်တိုင် သီချင်းဆိုခဲ့ပါသည်၊ “ခရစ်တော်၊ အသက်ရှင်တော်မူသောဘုရားသခင့် သားတော်၊ အကျွန်ုပ်အား သနားတော်မူပါ။” ဆုတောင်းလျှက်၊ သီချင်းဆိုလျှက်

နောက်ဆုံး မိးခိုးများက သူ့အား စကားမပြောနိုင်စေသည်အထိဖြစ်ပါသည်၊ သူသည် သခင်ယေရှုခရစ်၏ သစ္စာရှိသော မာတုရ (အာဇာနည်)အဖြစ် သေဆုံးခဲ့ပါသည်။ သူနှင့်ပတ်သက်သောအရာများအား ရုပ်ကြွင်းများတခုမှ မကျန်စေရန်၊ သူ့အဝတ်များကိုလည်း မီးရှို့ကြသည်၊ ကျန်သောသူ့ပြာများကိုလည်း တစမကျန် စုသိမ်းကာ ရိုင်းမြစ်ထဲ ပစ်ချကြပါသည်။

ထိုသို့ ဤသစ္စာရှိလှသော ဘုရားသခင့်လူ သေဆုံးခဲ့ပါသည်၊ မိမိ၏သက်သေကို မိမိသွေးဖြင့် ရေးသားခဲ့ပါသည်။

**အရေးပါမှု**

ဟပ်စ်သည် သူပြန်လည်ပြုပြင်ခြင်း လုပ်ငန်းစဉ်တလျှောက် ဘုရားတရားကြောက်ရွံ့ရိုသေသူ ဖြစ်ပါသည်။ သူ့ရန်သူများ၏ မကျေမနပ်ပြုကြသော ချီးမွမ်းခြင်းများကို ရရှိနိုင်ခဲ့သူဖြစ်ပါသည်။ ဂျေဆုဘုန်းကြီးတပါးက ဤသို့ သက်သေခံပါသည်၊ "ဂျွန်ဟပ်စ်သည် သူ၏စကားပြောနိုင်စွမ်းထက် သူ၏ထက်မြက်ခြင်းက မှတ်သားလောက်ပါသည်။ သူ၏ ကြန့်မြေရသော၊ ပြင်းထန်သော အနေအထိုင်၊ သူ၏ စည်းကမ်းကြီးသော၊ အပြစ်ကင်းသော အသက်ရှင်မှု စသည်တို့က အပြောကောင်းသောသူတို့ထက် လူများစွာကို ဆွဲဆောင်နိုင်ခဲ့ပါသည်။" နောက်ပိုင်းတက်လာသော ပုတ်ရဟန်းမင်းတပါးက ဤသို့ရေးပါသည်၊ "သူသည် ဩဇာကြီးသော တရားဟောဆရာဖြစ်သည်၊ မှတ်သားလောက်ဖွယ်သော စင်ကြယ်မှုနှင့်နေထိုင်ခဲ့သူဆိုသော ဂုဏ်သတင်းကျော်ကြားသူဖြစ်သည်၏။"

ဟပ်စ်သည် ဝှစ်ကလစ်ကဲ့သို့ ပင်ကိုယ်မူရင်းတွေးခေါ်ရှင် မဟုတ်ပါ။ သူ့အတွေးအခေါ်အားလုံး ဝှစ်ကလစ်ထံမှ ရခြင်းဖြစ်သည်။ အထူးသဖြင့် ဝှစ်ကလစ်၏ အသင်းတော်သည် ခရစ်တော်ရွေးကောက်ထားသောယုံကြည်သူတစုဖြစ်သည်၊ ကျမ်းစာသည် နောက်ဆုံးဩဇာအာဏာရှိသူဖြစ်သည် စသည့်အတွေးအမြင်များကို ရယူခဲ့သည်။ သို့သော် ဝှစ်ကလစ် ဘယ်တုန်းကမှ မဖြစ်ခဲ့ဖူးသည့်အရာကို ဟပ်စ် ဖြစ်ခဲ့ခြင်းဖြစ်သည်၊ ဧဝံဂေလိတရားအား ဩဇာရှိစွာဟောကြားသူ တရားဟောဆရာ။ တရားဟောခြင်းဖြင့် သူ့နိုင်ငံကို လှုပ်ရှားစေခဲ့ပါသည်။ တရားဟောခြင်းဖြင့် သူသည် ဗိုဟီးမီးယားအသင်းတော်ကို တည်ထောင်ခဲ့ပါသည်။ ၎င်းကို ကက်သလစ်ဂိုဏ်းက ဘယ်သောအခါတွင်မှ မခြေမှုန်းနိုင်ခဲ့ပါ၊ သို့သော် နောက်နှစ်ပေါင်း ၁၀၀ တွင် ရီးဖော်မေးရှင်းလှုပ်ရှားမှုသို့ ပါဝင်သွားခဲ့ကြပါသည်။

ရိုမန်ကက်သလစ်ဂိုဏ်း၏လက်တွင် မရေမတွက်နိုင်သော ဘုရားသခင့်လူတို့၏သွေးများ စွန်းထင်းနေကြပါသည်။ ထို့အတွက် သူသည် ဘယ်တုန်းကမှ နောင်တမရပါ၊ ငါမှားသွားခဲ့တယ်ဟုလည်း ဘယ်တော့မှ မပြောခဲ့ပါ။ မာတုရ(အာဇာနည်)တို့၏အသွေးများသည် ယနေ့တိုင်အောင် ရိုမန်ကက်သလစ်ဂိုဏ်းကိုဆန့်ကျင်လျှက် ဘုရားသခင့်ပလ္လင်တော်အောက်မှ အော်ဟစ်နေကြဆဲဖြစ်ပါသည်၊ "သူတို့ကလည်း၊ သန့်ရှင်းဟုတ်မှန်၍ အစိုးပိုင်တော်မူသော အရှင်၊ မြေပေါ်မှာနေသောသူတို့သည် ငါတို့အသွေးကို သွန်းကြသောအပြစ်နှင့်အလျောက် ဒဏ်မပေးဘဲ အဘယ်မျှလောက် ကာလပတ်လုံးနေတော်မူမည်နည်းဟု ကြီးသောအသံနှင့် ကြွေးကြော်ကြ၏။" (ဗျာ ၆း၁၀)။

သို့သော် ဟပ်စ်နှင့် အခြားသော ခရစ်တော်၏မာတုရ(အာဇာနည်)များကို ဘုရားသခင်က ဖြူသောဝတ်ရုံပေးတော်မူပါသည်၊ သူတို့သည် ခဏတဖြုတ်အနားယူလျှက် စောင့်နေကြရဦးမည်၊ သူတို့ကဲ့သို့ သေရမည့်အခြားသော ညီအကိုမောင်နှမများ စုံသည်အထိဖြစ်သည် ဆိုသော်အမှန်တရားကို သက်သေပေးသောအထိမ်းအမှတ်ဖြစ်ပါသည်။

(Portraits of Faithful Saints, Prof. Herman Hanko၏စာအုပ်မှ ဘာသာပြန်ပါသည်)

××××××××××××××××××××××××××××××××××

*<u>သီအိုလော်ဂျီကဏ္ဍ</u> (Theology)*

## ဘုရားသခင်အသိပညာ၏အခြေခံသဘောသဘာဝနှင့် လွတ်လပ်အမှီခိုမဲ့သောအသိပညာအကြောင်း

(Necessary and Free Knowledge)

ရှေးယွင်ကပင် သီအိုလော်ဂျီယန်များက ဘုရားသခင်၏အသိပညာ(knowledge)ကို အပိုင်းများခွဲခြားကာ နားလည်ဖို့လေ့လာခဲ့ကြပါသည်။ ထိုသို့ခွဲခြားလေ့လာခဲ့ကြသော စကားလုံးများမှာ၊ ဘုရားသခင့်အသိပညာ၏ပင်ကိုသဘာဝ(natural knowledge of God)၊ (သို့) ဘုရားသခင့်အသိပညာ၏အခြေခံသဘောသဘာဝ(necessary knowledge of God) နှင့်၊ လွတ်လပ်အမှီခိုမဲ့သော ဘုရားသခင့်အသိပညာ(free knowledge of God)၊ (သို့) ဖြစ်နိုင်ခြေရှိသော ဘုရားသခင်၏အသိပညာ(contingent knowledge of God) စသည်တို့ဖြစ်ကြပါသည်။ ပင်ကိုအသိပညာ (သို့) အသိပညာ၏အခြေခံသဘောသဘာဝ ဟုပြောသည့်အခါ၊ ဘုရားသခင်၏ မိမိကိုယ်ကို သိခြင်း၊ နားလည်ခြင်းကို ရည်ညွှန်းပြောဆိုပါသည်၊ သူ့ကိုယ်သူထဲ၌ ဖြစ်နိုင်ခြေရှိသောအရာအားလုံး၊ သိနိုင်သမျှသောအရာအားလုံးကို သိခြင်း၊ နားလည်ခြင်းကို ရည်ညွှန်းပြောဆိုပါသည်။ လွတ်လပ်သော(free)၊ (သို့) ဖြစ်နိုင်ခြေရှိသော(contingent)အသိပညာ ဟုပြောသည့်အခါ ဘုရားသခင်က သူ၏ထာဝရအကြံအစည်တော်(eternal counsel)၊ အမိန့်တော်(decree)တို့ဖြင့် ဆုံးဖြတ်သည့်၊ စိတ်ကူးကြံစည်(concieve)သည့် အရာအားလုံးအား သိတော်မူသည့် ဘုရားသခင့်အသိပညာကို ရည်ညွှန်းပြောဆိုပါသည်။

ပထမအသိပညာကို ပင်ကိုအသိပညာဟုခေါ်ပါသည်၊ အဘယ့်ကြောင့်ဆိုသော် ၎င်းသည် ဘုရားသခင်မှ မိမိကိုယ်ကိုသိခြင်း၊ ဘုရားသခင့်ပင်ကိုသဘာဝမှ ထွက်ပေါ်လာ၍ဖြစ်ပါသည်။ (သို့) ၎င်းကို အခြေခံကျသော(necessary)အသိပညာဟုလည်း ခေါ်ပါသည်၊ အဘယ့်ကြောင့်ဆိုသော် ၎င်းသည် ဘုရားသခင့်အနှစ်သာရနှင့်တိုက်ရိုက်ဆက်စပ်နေ၍ ဖြစ်ပါသည်။ သူ့အလိုတော်ဖြင့် လွတ်လပ်စွာ ဆုံးဖြတ်၍ သိလာသောအသိပညာမဟုတ်သောကြောင့် ဖြစ်ပါသည်။ ဒုတိယအသိပညာကို လွတ်လပ်သော/အ

မှီခိုကင်းသော(free)အသိပညာဟုခေါ်ပါသည်၊ အဘယ့်ကြောင့်ဆိုသော် ထိုအသိပညာနှင့်သိလာသောအရာများသည် ဘုရားသခင်က လွတ်လပ်စွာ၊ အစိုးရတော်မူစွာ ပြုလုပ်မည်ဟု ဆုံးဖြတ်သောအရာများကို သိခြင်းများဖြစ်သောကြောင့် ဖြစ်သည်။ (သို့) ဖြစ်နိုင်ခြေရှိသော(contingent)အသိပညာဟုလည်း ခေါ်ပါသည်၊ အဘယ့်ကြောင့်ဆိုသော် သူ၏ထာဝရအမိန့်တော်များဖြင့် ဖြစ်လာစေဟု ပြောသည့်/ဆုံးဖြတ်သည့် အရာများကို သိသောအသိပညာဖြစ်၍ ဖြစ်ပါသည်၊ ထိုမျှ မကသေးပါ၊ ဘုရားသခင်က သူ၏အနှစ်သာရ အပြင်ဖက်တွင် ရှိနေကြသောအရာများကို သိသောအသိပညာဖြစ်၍လည်း ထိုသို့ခေါ်ထားခြင်းဖြစ်ပါသည်။

သီဩလော်ဂျီယန် အေဗရာဟမ်ခိုင်ပါးက ဒုတိယခွဲခြားမှုကို တင်ပြဖို့ ကြိုးစားခဲ့ပါသည်၊ ဤစကားလုံးများဖြင့် တင်ပြဖို့ ကြိုးစားခဲ့ခြင်းဖြစ်သည်၊ အခြေခံကျသော(necessary)အသိပညာနှင့်တွေ့ကြုံမှုမှ(experiential)လာသောအသိပညာ ဟူ၍ဖြစ်ပါသည်။ ဘုရားသခင်၏ထာဝရအကြံအစည်တော်များနှင့် ထာဝရအမိန့်တော်များဖြင့် ဆုံးဖြတ်ထားခြင်းများထဲတွင် ပါဝင်သောအရာများကို သိခြင်းအား၊ ခိုင်ပါးက အခြေခံကျသောအသိပညာဟု ခေါ်ပါသည်၊ အဘယ့်ကြောင့်ဆိုသော် ၄င်းတို့သည် အတည်တကျဖြစ်ကြပြီး ဖြစ်သည်၊ မပြောင်းလဲနိုင်ကြတော့ပါ။ ထို့နောက် ဘုရားသခင်က ဖန်ဆင်းသည့်အခါ၊ ဖန်ဆင်းခြင်းဖြင့် ဖြစ်လာသည့် စကြဝဠာထဲ တကယ်ရှိလာသောအရာများကို ဘုရားသခင်မှ တွေ့မြင်သိရှိခြင်းအား၊ ခိုင်ပါက၊ အတွေ့အကြုံမှလာသောအသိပညာဟု ညွှန်းဆိုပါသည်။ သူ့ကြိုးစားချက် တကယ်တမ်းတွင် သိပ်အောင်မြင်မှုမရခဲ့ပါ။ ပို၍သာ ရှုပ်ထွေးစေပါသည်။ ထို့ကြောင့် ဤသို့ခြားနားမှုကို ဖယ်ထားလိုက်ပါမည်။

ဘုရားသခင်က သူ့ပြင်ပရှိ အရာအားလုံးကို သိရခြင်းသည် သူ့အလိုတော်၏အစိုးရတော်မူသော ဆုံးဖြတ်တော်မူခြင်း၏ ရလဒ်ကြောင့်သာ ဖြစ်ပါသည် ဆိုသည့်အနေနှင့် တင်ပြသ၍ ထိုသို့ ဘုရားသခင့်၏အသိပညာအား ပိုင်းခြား၍နားလည်ဖို့ ကြိုးစားသမျှ တန်ဖိုးရှိပါသည်။ စကြဝဠာကမ္ဘာလောကကြီးသည်၊ သဘာဝလောကတွင်ရှိသောအရာအားလုံးနှင့်ဘုရားသခင်သည် တထပ်တည်းဖြစ်ပါသည်ဟုဆိုကြသော ပဲန်သေးဇင်ဝါဒ(pantheism)က သင်ပေးသကဲ့သို့ မဖြစ်မနေလိုအပ်စွာနှင့် ဘုရားသခင်၏အနှစ်သာရထဲမှ ထွက်ပေါ်လာခြင်း(emanate)မဟုတ်ပါ၊ ထို့အတူ ဘုရားသခင်၏အမိန့်တော်များကြောင့် သိလာသောအသိပညာသည်လည်း သူ့ကိုယ်သူသိခြင်းမှ၊ သူ့ကိုသူရှိသည်ဟုသိခြင်းမှနေ၍ လွဲရှောင်၍မရစွာ စီးထွက်လာသော(effluence)အသိပညာလည်း မဟုတ်ပါ။ ထိုမှဆန့်ကျင်စွာ သူ၏စိတ်တော်နှင့်အလိုတော်၏ အစိုးရတော်မူစွာ ဆုံးဖြတ်တော်မူခြင်း၏ရလဒ်ကြောင့်သာ ရှိလာခြင်းဖြစ်ပါသည်။ ထို့ကြောင့် ထိုအသိပညာသည် လွတ်လပ်သော/အမှီခိုကင်းမဲ့သော အသိပညာဖြစ်ပါသည်။ သို့သော် ဘုရားသခင်၏ မိမိကိုယ်ကို သိတော်မူသောအသိပညာမှာ ထိုသို့မဟုတ်ပါ၊ သူ၏အလိုတော်မှ ဆုံးဖြတ်တော်မူသောကြောင့် ဖြစ်ပေါ်လာသောအသိပညာ မဟုတ်ပါ၊ ထိုမှဆန့်ကျင်စွာ သူ၏အနှစ်သာရက အလိုအလျှောက်(spontaneously)ပေးအပ်လာသော အသိပညာဖြစ်ပါသည်၊- ထို့ကြောင့် ၄င်းကို မရှိမဖြစ်/ပင်ကိုယ်/အခြေခံကျသော(necessary) အသိပညာဟု ခေါ်ရခြင်းဖြစ်ပါသည်။

မည်သို့ပင်ဖြစ်ပါစေ၊ ထို ပင်ကိုယ်ဖြစ်သော/အခြေခံကျသော အသိပညာသည်လည်း၊ အမြင့်မားနိုင်ဆုံးဖြင့် လွတ်လပ်သော/အမှီခိုကင်းသော အသိပညာဖြစ်ပါသည်ဟု အလျှင်အမြန် ထပ်ထည့်ပြောရပါမည်။ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်သည် မိမိကိုယ်မိမိ သုံးပါးတဆူဘုရားသခင်အနေဖြင့် သိချင်သောကြောင့် ဖြစ်ပါသည်။ ပြည့်စုံသော၊ အကန့်သတ်မဲ့အနန္တ သဘောကျခြင်းဖြင့် ခမည်းတော်သည် သားတော်ကို အသက်ပေးပါသည်၊ သားတော်အထဲ၌ သူ့ကိုယ်သူ၏အဖြစ်အနေများအား ဖြစ်လာစေပါသည်(objectify)၊ သားတော်ကလည်း သူ့အား ခမည်းတော်မှ မွေးဖွားလာစေခြင်း(generate)ကို အလိုဆန္ဒရှိပါသည်၊ ဝိညာဉ်တော်ကမူ အရာအားလုံးကို ရှာဖွေတော်မူသည်၊ ဘုရားသခင့်အနက်ရှိုင်းဆုံးအကြောင်းအရာများကိုပင် သိတော်မူပါသည်။ ဘုရားသခင့်အထဲတွင် မဖြစ်မနေလိုအပ်နေခြင်း(necessity)ဆိုသည်မျိုး မရှိပါ၊ သူ့ပြည့်စုံသောအဖြစ်တော်မှနေ၍ စီးဆင်းလာသည်များသာ ရှိကြပါသည်။ ၄င်းတို့သည် လွတ်လပ်ခြင်းဟူသည်၏ အဆုံးစွန်အကြွင်းမဲ့လွတ်လပ်ခြင်းနှင့် ဖြစ်ပါသည်။ ဘုရားသခင်၏အလိုဆန္ဒနှင့် သူ၏ဖြစ်တည်နေမှုတို့သည် တစ်(one = တထပ်တည်း)ဖြစ်ပါသည်။ ဘုရားသခင့်အမိန့်တော်(decree)များသည် အကြွင်းမဲ့အစိုးရနေကြသော်လည်း၊ စိတ်ကူးယဉ်အတွေးထဲတွင် များမြောင်လှသောစကြဝဠာကမ္ဘာလောကများကို ဘုရားသခင်မှ အကန့်သတ်မဲ့အနန္တစကြဝဠာအတွင်း ရှိလာဖို့ ဆုံးဖြတ်တော်မူနိုင်သလို၊ (တချိန်ထည်းတွင် ဘာတခုမှ မရှိဖို့/ရှိမလာဖို့လဲ ဆုံးဖြတ်တော်မူနိုင်ပါသည်)၊ သို့သော် ဘုရားသခင်က ငါလုပ်မည်ဟု ဆုံးဖြတ်သော ဤကမ္ဘာသည် သူ့ကိုယ်သူ အမြင့်ဆုံးဖြင့်၊ အပြည့်စုံဆုံးဖြင့် ဖော်ပြ/ဖွင့်ပြနေခြင်းသာ ဖြစ်ပါတော့သည်။ သူ၏အမိန့်တော်သည် အမြင့်ဆုံးသောဉာဏ်ပညာ၏ သွင်ပြင်လက္ခဏာကို ဖော်ပြနေပါသည်။

ထို့အပြင်၊ ဘယ်တော့မှ မမေ့ရမည့်အချက်မှာ၊ ဘုရားသခင်၏အမိန့်တော်(decree)များသည် ထာဝရဖြစ်ကြပါသည်၊ ဘုရားသခင့်အမိန့်တော်သည်၊ ဘုရားသခင်အမိန့်တော်များချမှတ်နေခြင်း ဖြစ်ပါသည်။ ဘုရားသခင်သည် ထာဝရပင် အမိန့်တော်များချမှတ်နေသော ဘုရားသခင်ဖြစ်ပါသည်။ ထို့ကြောင့် အမိန့်တော်သည် သူ့စိတ်နှင့်အလိုဆန္ဒ၏ လွတ်လပ်စွာ/အမှီခိုကင်းစွာ ချမှတ်သောအမိန့်တော်ဖြစ်သော်လည်း၊ အမိန့်တော်များကို ထည့်မတွေးဘဲ၊ ဘုရားသခင်ဆိုသည်ကို တွေးကြည့်၍မရပါ (အမိန့်တော်များမပါသော ဘုရားသခင်ဆိုသည်မျိုး တွေး၍မရပါ)။ ဤရှုထောင့်မှနေ၍ လွတ်လပ်သော/အမှီခိုကင်းသောအသိပညာသည် လိုအပ်ချက် ဖြစ်လာပါသည်။ သို့သော် ပြည့်စုံသော သူ၏ကိုယ်ပိုင်အလိုဆန္ဒမှနေ၍ လိုအပ်စွာဖြင့် စီးဆင်းထွက်ပေါ်လာခြင်းဖြစ်ပါသည်။

(Reformed Dogmatic Vol. 1, Pp. 124-126, by Herman Hoeksema (1885-1965) စာအုပ်မှ ဘာသာပြန်ပါသည်)

×××××××၊

**ဆာလံ ၁၈း၁–၅၀ (ဂိုဏ်းဘုရင်မှု)**

*Psalm 18:1-50*

အတော်ဆုံးအနုပညာရှင် ဒေးဗစ်၏ဆာလံ၊ ဘုရားသခင့်အစေခံကျွန်၊ သူ့ရန်သူများအားလုံး၏လက်မှ၊ ဆောလ်ဘုရင်လက်မှ သူ့
အား ကယ်လွှတ်သောနေ့တွင် ဤသီချင်းပါစကားလုံးများကို ဘုရားသခင့်ထံ ပြောဆိုခဲ့ခြင်းဖြစ်သည်၊- သူကပြောပါသည်၊
၁ - အကျွန်ုပ် ကိုယ်တော့်ကိုချစ်ပါမည်၊ အိုး သခင်၊ အကျွန်ုပ်၏ခွန်အား။
၂ - ဘုရားသခင်သည် ငါ၏ ကျောက်ဖြစ်သည်၊ ငါ့ ခံတပ်လည်းဖြစ်သည်၊ ငါ့ကို ကယ်လွှတ်ရှင်လည်း ဖြစ်သည်၊- ငါ့ ဘုရား၊ ငါ့
ခွန်အား၊ သူ့ထံတွင် ငါ အားကိုးမည်၊- ငါ့ ဒိုင်း၊ ငါ့ကယ်တင်ခြင်း၏ ဦးချို၊ ငါ၏ မြင့်မားသောမျှော်စင် ဖြစ်သည်။
၃ - ငါ ဘုရားသခင်ကို ခေါ်ပါမည်၊ သူသည် ချီးမွမ်းထိုက်သူ ဖြစ်ပါသည်၊- ထိုသို့ဖြင့် ငါသည် ငါ့ရန်သူအားလုံးတို့ထံမှ ကယ်တင်
ခြင်း ခံရမည်ဖြစ်သည်။
၄ - သေခြင်း၏ဝမ်းနည်းစရာများသည် ငါ့နားတွင် ဝိုင်းပတ်နေကြသည်၊ ဘုရားမကြောက်ရွံ့သောလူများ၏ ရေကြီးသကဲ့သို့ လှိမ့်
ဝင်လာခြင်းက ငါ့ကို ကြောက်လန့်စေပါသည်။
၅ - ငရဲ၏ ဝမ်းနည်းရခြင်းများကလည်း ငါ့ဘေးတွင် ဝိုင်းပတ်နေကြသည်၊- သေခြင်း၏ကျော့ကွင်းများက ငါ့ကို ထိပ်တိုက်တွေ့ကြ
သည်။
၆ - ငါ၏စိတ်ဖိစီးမှုများထဲမှ ငါ သခင့်ကို ခေါ်ပါမည်၊ ငါ့ ဘုရားသခင်ထံသို့ ငါ အော်ဟစ်ပါမည်၊- သူသည် ငါ့အသံကို သူ၏
ဗိမ္မာန်တော်မှ ကြားတော်မူမည်၊- ငါ့ အော်သံ သူ့ရှေ့ရောက်သည်၊ သူ၏နားများထဲသို့ပင် ရောက်ပါသည်။
၇ - ထို့နောက် ကမ္ဘာကြီး လှုပ်သွားပါသည်၊ ကြောက်ရွံ့တုန်လှုပ်နေပါသည်၊- တောင်ကုန်းများ၏အခြေခံအုတ်မြစ်များလည်း ရွှေ့
ရှားကြသည်၊ အဘယ့်ကြောင့်ဆိုသော် သူ ဒေါသထွက်နေသောကြောင့်ဖြစ်သည်။
၈ - သူ၏နားခေါင်းများမှ မီးခိုးထွက်ကာ အပေါ်သို့တက်သွားကြသည်၊ သူ့ပါးစပ်မှ မီးက လောင်ကျွမ်းဝါးမြိုမည်ဖြစ်သည်၊- ၎င်း
အားဖြင့် မီးခဲတို့သည် တောက်လောင်ကြပြီဖြစ်သည်။
၉ - သူသည် ကောင်းကင်များကိုလည်း ကွေးညွတ်စေသည်၊ အောက်သို့ ဆင်းလာစေပါသည်၊- မှောင်မိုက်ခြင်းသည် သူ့ခြေ
အောက်တွင် ဖြစ်ပါသည်။
၁၀ - သူသည် ကောင်းကင်တမန် ချယ်ရုပ်ကို စီးကာ၊ ပျံတော်မူသည်၊- မှန်သည်၊ သူသည် လေတို့၏အတောင်များအပေါ် ပျံသန်း
တော်မူသည်။
၁၁ - သူသည် မှောင်မိုက်ကို သူ၏ လျှို့ဝှက်သောနေရာအဖြစ် ပြုလုပ်သည်၊- သူ၏ မျက်နှာကြက်သည် သူ့ပတ်လည်ကို ဝိုင်းထား
ပါသည်၊ ၎င်းတို့သည် မှောင်မဲသောရေများနှင့် ကောင်းကင်ပေါ်ရှိ ထူထပ်သောတိမ်များဖြစ်ကြသည်။
၁၂ - သူ့ရှေ့မှောက်၌ရှိနေသော တောက်ပခြင်းကြောင့် သူ၏ ထူထပ်သောတိမ်များ လွင့်သွားကြသည်၊ မိုးသီးကျောက်တုံးများနှင့်
မီးသွေးခဲရဲရဲများလည်း လွင့်သွားကြပါသည်။
၁၃ - ဘုရားသခင်သည် ကောင်းကင်အထပ်ထပ်၌ မိုးကြိုးပစ်တော်မူပါသည်၊ အမြင့်ဆုံးသောသူက သူ့အသံတော်ကို ပေးခြင်းဖြစ်
သည်၊- မိုးသီးကျောက်တုံးများနှင့် မီးသွေးခဲရဲရဲများ ဖြစ်ကြသည်။
၁၄ - မှန်ပါသည်၊ သူ့မြှားများကို စေလွှတ်လိုက်သည်၊ သူတို့ကို ဟိုတစုဒီတစု ကွဲလွင့်စေပါသည်၊- လျှပ်စစ်လက်ခြင်းများကို ပစ်
လွှတ်တော်မူသည်၊ သူတို့ကို ကသိကအောက် အနေခက်စေတော်မူသည်။
၁၅ - ထို့နောက် ရေစီးကြောင်းများကို တွေ့လာရသည်၊ ကမ္ဘာကြီး၏အခြေခံအုတ်မြစ်များကို တွေ့ရှိလာရပါသည်၊ ကိုယ်တော့် ပြစ်
တင်မောင်းမဲခြင်းဖြင့်ဖြစ်ပါသည်၊ အိုး သခင်၊ ကိုယ်တော့် နှာခေါင်းတော်တို့၏ထွက်သက် မှုတ်ထုတ်ခြင်းဖြင့်ဖြစ်ပါသည်။
၁၆ - သူသည် အထက်အရပ်မှ ပို့တော်မူပါသည်၊ သူသည် ငါ့ကို ယူလိုက်ပါသည်၊ ငါ့ကို များစွာသောရေများထဲမှ ဆွဲယူလိုက်ပါ
သည်။
၁၇ - သူက ငါ့ကို ငါ၏ သန်မာသောရန်သူ့ထံမှ ကယ်လွှတ်ပါသည်၊ ငါ့အား မုန်းသူတို့ထံမှဖြစ်သည်၊- အဘယ့်ကြောင့်ဆိုသော်
သူတို့သည် ငါ့အတွက် သန်မာလွန်းကြပါသည်။
၁၈ - ငါ ဒုက္ခရောက်နေသောနေ့တွင် သူတို့သည် ငါ့ကို ထိပ်တိုက်တွေ့ကြသည်၊- သို့သော် ဘုရားသခင်သည် ငါနေသောအရပ်
ဖြစ်သည်။
၁၉ - သူသည် ငါ့ကို ကျယ်ဝန်းသောအရပ်သို့လည်း ထုတ်တော်မူပါသည်၊- သူသည် ငါ့ကို ကယ်လွှတ်သည်၊ အဘယ့်ကြောင့်ဆို
သော် သူသည် ငါ့ထံတွင် ပျော်ရွှင်၍ဖြစ်သည်။
၂၀ - ဘုရားသခင်သည် ငါ့ကို ငါ၏ဖြောင့်မတ်ခြင်းအတိုင်း ဆုချတော်မူသည်၊- ငါ့လက်တို့၏သန့်စင်ခြင်းအတိုင်း သူသည် ငါ့ကို
ပြန်လည်ပေးဆပ်ပါသည်။
၂၁ - အဘယ့်ကြောင့်ဆိုသော် ငါသည် ဘုရားသခင့်လမ်းတို့ကို စောင့်ရှောက်ထိန်းသိမ်းခဲ့၍ဖြစ်သည်၊ ငါသည် ငါ့ဘုရားသခင်ထံမှ
ဆိုးညစ်စွာ ထွက်ခွာသူမဟုတ်ပါ။
၂၂ - အဘယ့်ကြောင့်ဆိုသော် သူ၏အားလုံးသောတရားစီရင်ခြင်းများသည် ငါ့ရှေ့တွင် ရှိနေကြသည်၊ သူ၏ ပြဋ္ဌာန်းထားသော ဥပ
ဒေများကို ငါ့ထံမှ မခွာစေသောကြောင့်ဖြစ်သည်။

၂၃ - ငါသည် သူ့ရှေ့တွင်လည်း ဖြောင့်မှန်ပါသည်၊ ငါသည် ငါ့ကိုယ်ငါ ငါ၏ဒုစရိုက်မှုများမှနေ၍ ထိန်းသိမ်းပါသည်။

၂၄ - ထို့ကြောင့် ဘုရားသခင်သည် ငါ့ကို ငါ၏ဖြောင့်မတ်ခြင်းအတိုင်း ပြန်လည်ဆပ်ပေးတော်မူသည်၊ သူ၏မျက်မှောက်တော်ရှေ့ ငါ့လက်များ၏ သန့်စင်ခြင်းအတိုင်း ဆပ်ပေးပါသည်။

၂၅ - သနားကြင်နာသူထံ ကိုယ်တော်သည် မိမိကိုယ်ကို သနားကြင်နာသူအဖြစ် ပြတော်မူပါသည်၊- ဖြောင့်မှန်သူထံ ကိုယ်တော်သည် မိမိကိုယ်ကို ဖြောင့်မှန်သူအဖြစ် ပြတော်မူပါသည်၊-

၂၆ - စင်ကြယ်သောသူထံ ကိုယ်တော်သည် မိမိကိုယ်ကို စင်ကြယ်သူအဖြစ် ပြတော်မူပါသည်၊- ကွေ့ကောက်သူထံ ကိုယ်တော်သည် မိမိကိုယ်ကို ကွေ့ကောက်သူအဖြစ် ပြတော်မူပါသည်။

၂၇ - အဘယ့်ကြောင့်ဆိုသော် ကိုယ်တော်သည် ဖိစီးနှိပ်စက်ခံသူတို့ကို ကယ်တင်တော်မူပါမည်၊- သို့သော် မောက်မာသောအကြည့် ရှိသူတို့ကို နိမ့်ကျစေမည်ဖြစ်သည်။

၂၈ - အဘယ့်ကြောင့်ဆိုသော် ကိုယ်တော်သည် အကျွန်ုပ်၏ဖယောင်းတိုင်ကို လင်းစေတော်မူမည်ဖြစ်သည်၊- သခင်ဖြစ်သူ ငါ၏ဘုရားသခင်သည် ငါ၏မှောင်နေခြင်းအဖြစ်ကို လင်းစေတော်မူလိမ့်မည်။

၂၉ - အဘယ့်ကြောင့်ဆိုသော် အကျွန်ုပ်သည် ကိုယ်တော်အားဖြင့် စစ်တပ်ကို ကိုင်တွယ်ခဲ့ပါသည်၊- ငါ၏ဘုရားသခင်အားဖြင့် ငါသည် မြို့ရိုးကို ရုတ်တရက်ခုန်ကျော်ဝင်ရောက်ခဲ့ပါသည်။

၃၀ - ဘုရားသခင်နှင့်ပတ်သက်လျှင် သူ၏လမ်းသည် ပြည့်စုံသည်၊- သခင့်စကားတော်သည် စစ်ဆေးပြီးသောအရာဖြစ်သည်၊- သူသည် သူ့ကို အားကိုးသူများ၏ ဒိုင်း ဖြစ်ပါသည်။

၃၁ - အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်မှတပါး မည်သည့်သခင် ရှိပါသနည်း? (သို့) ငါတို့ဘုရားသခင်မှတပါး မည်သည့်ကျောက် ရှိပါသနည်း?

၃၂ - ငါ့ကို ခွန်အားနှင့်ကာကွယ်စောင့်ရှောက်သူကား ဘုရားသခင်ဖြစ်သည်၊ ငါ့လမ်းတို့ကို ပြည့်စုံစေသူလည်း သူပင်ဖြစ်သည်။

၃၃ - သူသည် ငါ့ခြေကို သမင်၏ခြေကဲ့သို့ ပြုလုပ်သည်၊ ငါ၏မြင့်သောအရပ်တို့အပေါ် ငါ့ကို နေရာချသည်။

၃၄ - သူသည် ငါ့လက်တို့ကို စစ်ပညာသင်ပေးသည်၊ ထို့ကြောင့် သံမဏိဖြင့်လုပ်သော လေးသည် ငါ့လက်တို့အထဲတွင် ကျိုးပြတ်သွားပါသည်။

၃၅ - ကိုယ်တော်သည် အကျွန်ုပ်ကို ကိုယ်တော့်ကယ်တင်ခြင်းဒိုင်းလွှားကိုလည်း ပေးတော်မူပါသည်၊- ကိုယ်တော့် ညာဖက်လက်က အကျွန်ုပ်ကို ဆုပ်ကိုင်ထားပါသည်၊ ကိုယ်တော့် ညင်သာခြင်းက အကျွန်ုပ်ကို ကြီးမြတ်စေပါသည်။

၃၆ - ကိုယ်တော်သည် အကျွန်ုပ်အောက်၌ရှိကြသော အကျွန်ုပ်ခြေလှမ်းများကို ကျယ်ဝန်းစေပါသည်၊ ထိုသို့ဖြင့် အကျွန်ုပ်၏ခြေချော်မသွားဘဲ ရှိနိုင်ပါသည်။

၃၇ - အကျွန်ုပ်သည် မိမိရန်သူတို့ကို လိုက်ပါသည်၊ အားလုံးကို အောင်နိုင်သည်အထိဖြစ်သည်၊ သူတို့အားလုံး ချေမှုန်းမခံရမချင်း အကျွန်ုပ် ပြန်မလှည့်ပါ။

၃၈ - အကျွန်ုပ်သည် သူတို့ကို ပြန်၍မထကြွနိုင်တော့သည်အထိ နာစေပါသည်၊- သူတို့သည် အကျွန်ုပ်၏ခြေအောက်တွင် ကျရှုံးကြပါသည်။

၃၉ - အဘယ့်ကြောင့်ဆိုသော် ကိုယ်တော်သည် အကျွန်ုပ်ကို စစ်ပွဲသို့ ခွန်အားဖြင့် ပတ်ရစ်တော်မူသည်၊- ကိုယ်တော်သည် အကျွန်ုပ်ကို ဆန့်ကျင်လျှက် ထကြွသူများကို အကျွန်ုပ်အောက်၌ နှိမ်နင်းတော်မူပါသည်။

၄၀ - ကိုယ်တော်သည် အကျွန်ုပ်ထံ အကျွန်ုပ်ရန်သူတို့၏လည်ပင်းများကိုလည်း ပေးတော်မူပါသည်၊- ထိုသို့ဖြင့် အကျွန်ုပ်အား မုန်းနေသူများကို ချေမှုန်းနိုင်မည်ဖြစ်သည်။

၄၁ - သူတို့သည် အော်ဟစ်ကြသည်၊ သို့သော် သူတို့ကိုကယ်တင်မည့်သူ မည်သူမျှမရှိပါ၊- ဘုရားသခင့်ထံသို့ပင် အော်ဟစ်ကြပါသည်၊ သို့သော် သူသည် သူတို့ကို အဖြေမပေးပါ။

၄၂ - ထို့နောက် ငါသည် သူတို့ကို လေတိုက်ခြင်းရှေ့တွင် ဖုန်မှုန့်များဖြစ်ကြသကဲ့သို့ သေးငယ်သွားအောင် ရိုက်နှက်ပါတော့သည်၊- ငါသည် သူတို့ကို လမ်းများပေါ် အမှိုက်ကိုလွှင့်ပစ်သကဲ့သို့ လွှင့်ပစ်လိုက်ပါသည်။

၄၃ - ကိုယ်တော်သည် အကျွန်ုပ်ကို လူအများ၏ ဆန့်ကျင်ကြိုးပမ်းမှုမှ ကယ်လွှတ်ပါသည်၊- ထို့နောက် ကိုယ်တော်သည် အကျွန်ုပ်ကို ရုပ်တုကိုးကွယ်သူတို့၏ ဦးဆောင်သူ ဖြစ်စေပါသည်၊- အကျွန်ုပ်မသိဘူးသောလူမျိုးများက အကျွန်ုပ်ကို အလုပ်အကျွေး ပြုကြပါလိမ့်မည်။

၄၄ - သူတို့သည် အကျွန်ုပ်အသံကို ကြားလျှင်ကြားခြင်း အကျွန်ုပ်ကို နာခံကြပါသည်၊- သူစိမ်းများက သူတို့ကိုယ်သူတို့ အကျွန်ုပ်ထံ အပ်နှံကြပါသည်။

၄၅ - သူစိမ်းများသည် ညှိုးနွမ်းပျောက်ကွယ်သွားကြပါမည်၊ သူတို့၏ ပိတ်လှောင်ထားသောနေရာများထဲမှ ကြောက်ရွံ့နေကြပါမည်။

၄၆ - ဘုရားသခင်သည် အသက်ရှင်၏၊- ငါ၏ကျောက်သည် ကောင်းချီးနှင့်ပြည့်ပါစေသတည်း၊- ငါ့ကယ်တင်ခြင်း၏ ဘုရားသခင်သည် ချီးမြှောက်တော်မူခြင်းကို ခံပါစေသတည်း။

၄၇ - ငါ့အတွက် လက်စားချေပေးသူသည် ဘုရားသခင်ပင်တည်း၊ ငါ့အောက်၌ လူအများကို နှိမ်နင်းသူလည်း ဖြစ်တော်မူသည်။

၄၈ - သူသည် ငါ့ကို ငါ့ရန်သူတို့ထံမှ ကယ်လွှတ်တော်မူသည်၊- မှန်သည်၊ ကိုယ်တော်သည် အကျွန်ုပ်ကို အကျွန်ုပ်အား ဆန့်ကျင်ထကြွသူများထက် မြင့်အောင် မြှင့်တင်တော်မူပါသည်၊- ကိုယ်တော်သည် အကျွန်ုပ်ကို ရက်စက်ကြမ်းကြုတ်သောလူများထံမှ ကယ်လွှတ်တော်မူခဲ့ပါသည်။
၄၉ - ထို့ကြောင့် အကျွန်ုပ်သည် ကိုယ်တော့်ကို ကျေးဇူးတင်ပါမည်၊ အိုး သခင်၊ ရုပ်တုကိုးကွယ်သူတို့အလယ်တွင်၊ ကိုယ်တော့်နာမည်သို့ ချီးမွမ်းခြင်းသီချင်း ဆိုပါမည်။
၅၀ - သူသည် သူ၏ရှင်ဘုရင်ထံ ကြီးကျယ်သောကယ်လွှတ်ခြင်းကို ပေးတော်မူသည်၊- သူခန့်ထားသူထံ ဂရုဏာကို ပြတော်မူသည်၊ ဒေးဗစ်ထံသို့ဖြစ်သည်၊ သူ၏မျိုးနွယ်ဆက်များထံလည်း အစဉ်အမြဲ ပြုတော်မူပါသည်။

××××××××××××××××××××××

**တိတု ၃း၁-၁၅ (ဂျိန်းဘုရင်မူ)**

***Titus 3:1-15***

၁ - သူတို့စိတ်ထဲတွင် အုပ်စိုးသူနှင့်အာဏာပိုင်တို့အား နာခံရမည်၊ အုပ်ချုပ်သူများအား နာခံရမည်၊ ကောင်းမြတ်သောအလုပ်တိုင်းကို လုပ်ကိုင်ဖို့ အဆင်သင့်ဖြစ်ရမည်ကို သိစေပါ၊
၂ - မည်သူ့ကိုမှ မကောင်းမပြောသူ၊ ရန်ဖြစ်သူများမဖြစ်ဘဲ၊ ထိုမှဆန့်ကျင်စွာ နူးညံ့သိမ်မွေ့ရမည်၊ အားလုံးသောနှိမ့်ချခြင်းများကို လူအားလုံးထံသို့ ပြသူများဖြစ်ကြရပါမည်။
၃ - အဘယ့်ကြောင့်ဆိုသော် ငါတို့ကိုယ်တိုင်သည်လည်း တချိန်က မိုက်မဲခဲ့ကြပါသည်၊ မနာခံသူများ၊ အလိမ်ညာခံခဲ့ကြရသူများ၊ ကွဲပြားမျိုးစုံသော တပ်မက်ခြင်းများနှင့်အပျော်အပါးများကို အလုပ်အကျွေးပြုခဲ့ကြပါသည်၊ မလိုတမာစိတ်နှင့် မနာလိုမှုများတွင် နေထိုင်ခဲ့ကြပါသည်၊ မုန်းစရာကောင်းသူများ၊ တဦးနှင့်တဦးမုန်းတီးခဲ့ကြသူများ ဖြစ်ခဲ့ကြပါသည်။
၄ - သို့သော် ငါတို့ကယ်တင်ရှင် ဘုရားသခင်မှ လူသားထံသို့ထားသော ကြင်နာခြင်းနှင့်ချစ်ခြင်းသည် ပေါ်ထွက်လာခဲ့ပြီးဖြစ်သည်၊
၅ - ငါတို့ ပြုလုပ်သည့် ဖြောင့်မတ်ခြင်း၏အလုပ်များကြောင့် မဟုတ်ပါ၊ သို့သော် သူ၏ဂရုဏာအားဖြင့် သူက ငါတို့ကို ကယ်တင်ခဲ့ခြင်းဖြစ်သည်၊ ပြန်လည်ဖန်ဆင်းခြင်းဖြင့်၄င်း၊ သန့်ရှင်းသောဝိညာဉ်တော်၏ အသစ်ပြန်ဖြစ်စေခြင်းဖြင့်၄င်း ကယ်တင်ခဲ့ခြင်းဖြစ်ပါသည်၊-
၆ - ၎င်းကို ဘုရားသခင်သည် ငါတို့အပေါ်သို့ ငါတို့ကယ်တင်ရှင် ယေရှုခရစ်အားဖြင့် အလျှံအပယ် သွန်းလောင်းတော်မူသည်၊-
၇ - ထိုသို့ သူ၏ကျေးဇူးတော်အားဖြင့် ဖြောင့်မတ်စေခြင်းသို့ ရောက်စေသည့်အခါ၊ ငါတို့ကို ထာဝရအသက်၏ မျှော်လင့်ခြင်းအတိုင်း အမွေခံများ ဖြစ်လာကြဖို့ဖြစ်သည်။
၈ - ထိုအကြောင်းအရာသည် သစ္စာရှိသော ပြောဆိုခြင်းဖြစ်သည်၊ ထိုအရာတို့၌ သင်သည် အမြဲတမ်း ခိုင်မာစွာရပ်တည်နေဖို့ ငါအလိုရှိပါသည်၊ ထိုသို့ဖြင့် ဘုရားသခင်ကိုယုံကြည်ပါသည် ဆိုသောသူတို့သည် ကောင်းသောအလုပ်များ လုပ်ကိုင်နေကြခြင်းအား ထိန်းသိမ်းစောင့်ရှောက်ကြခြင်းကို ဂရုတစိုက်ပြုကြမည်ဖြစ်သည်။
၉ - သို့သော် မိုက်မဲသောမေးခွန်းများကို ရှောင်ရှားပါ၊ ဆွေစဉ်မျိုးဆက်စာရင်းများ၊ အချေအတင်ငြင်းခုံခြင်းများ၊ ပညတ်တော်နှင့်ပတ်သက်၍ ငြင်းခုံခြင်းများ စသည်တို့ကို ရှောင်ပါ၊- အဘယ့်ကြောင့်ဆိုသော် ၎င်းတို့သည် အကျိုးမရှိသောအရာများ၊ အချည်းနှီးမဲ့ခြင်းများသာ ဖြစ်ကြပါသည်။
၁၀ - မှားယွင်းခြင်းများ သင်ပေး၍ အသင်းတော်ကွဲပြားစေသူကို မထမအကြိမ်၊ ဒုတိယအကြိမ် သတိပေးပြောဆိုဆုံးမပြီးသော် ပယ်ထားပါ၊-
၁၁ - ထိုသို့သောသူသည် ဝင်နောက်ပူးသတ်ခြင်းခံရပြီးသူ၊ အပြစ်ပြုသူဟု သိမှတ်လျှက်၊ မိမိကိုယ်ကို စီရင်ချက်ချမှတ်ပြီးသူ ဖြစ်သည်။
၁၂ - ငါ သင့်ထံသို့ အာတီးမတ်စ် (သို့) တိုင်ခီးခပ်စ်ကို စေလွှတ်မည်၊ နိကိုပေါလိစ်မြို့၊ ငါထံသို့ သင်လာဖို့ ကြိုးစားလော့၊- အဘယ့်ကြောင့်ဆိုသော် ထိုမြို့တွင် ဆောင်းတွင်းတတွင်းလုံးနေမည်ဟု ငါ ဆုံးဖြတ်ပါသည်။
၁၃ - ရှေ့နေ ဇီးနပ်စ်နှင့် အပိုလို တို့ကို သူတို့ခရီးစဉ်သို့ အလျှင်အမြန်သွားစေပါ၊ သူတို့ထံ၌ ဘာမှလိုလေသေး မရှိပါစေနှင့်။
၁၄ - ငါတို့လူများကလည်း ကောင်းသောအလုပ်များကို မရှိမဖြစ်သုံးရမည့်အရာများတွက် စောင့်ထိန်းကြပါစေ၊ ထိုသို့ဖြင့် သူတို့သည် အသီးအပွင့်မရှိသူများမဖြစ်ဘဲ နေကြမည်ဖြစ်သည်။
၁၅ - ငါ့ထံရှိကြသူများအားလုံးက နှုတ်ဆက်ကြပါသည်။ ယုံကြည်ခြင်း၌ ငါတို့ကို ချစ်ကြသူများအား နှုတ်ခွန်းဆက်သပါလော့။ သင်တို့အားလုံးထံ၌ ကျေးဇူးတော်ရှိပါသေ။ အာမင်။

+++++++++++++++++++++++++

ဒေသနာကျမ်း ၁၀း၁–၂၀ (ဂျိန်းဘုရင်မူ)

*Ecclesiastes 10:1-20*

၁ - ယင်ကောင်သေများက ရေမွှေးလုပ်သူ၏ ဆီမွှေးကို အပုတ်နံ့ထွက်စေပါသည်၊- ထိုသို့ပင် ပညာရှိခြင်းနှင့် ရိုသေလေးစားခံရ
ခြင်းတို့ကို အနည်းငယ်သောမိုက်မဲခြင်းက ဖြစ်စေတတ်ပါသည်။
၂ - ပညာရှိသူ၏နှလုံးသားသည် သူ့ညာဖက်လက်တွင်ရှိပါသည်၊- သို့သော် လူမိုက်၏နှလုံးသားမှာမူ သူ၏ဘယ်ဖက်တွင် ရှိသည်။
၃ - မှန်ပါသည်၊ ထိုကဲ့သို့ပင်၊ လူမိုက်သည် လမ်းလျှောက်လျှင်လည်း လမ်းဘေးမှလျှောက်ပါသည်၊ သူ၏ဉာဏ်ပညာက သူ့ကို ရှုံး
စေပါသည်၊ သူသည် လူမိုက်ဖြစ်သည်ဟု လူတိုင်းကို ပြောနေပါသည်။
၄ - အကယ်၍ အုပ်စိုးသူ၏ဝိညာဉ်သည် သင့်ကိုဆန့်ကျင်ထကြွသည်ဆိုလျှင်၊ သင့်နေရာမှ မခွာနှင့်၊- အဘယ့်ကြောင့်ဆိုသော် အ
လျှော့ပေးခြင်းက ကြီးမားသောမျက်စိစပါးမွှေးစူးစရာများကို ငြိမ်းချမ်းစေပါသည်။
၅ - ဤအရာသည် နေအောက်တွင် ငါမြင်ပြီးခဲ့သော ဆိုးညစ်ခြင်းဖြစ်သည်၊ အုပ်စိုးသူထံမှ အမှားလုပ်မှု ထွက်လာသဖြင့်၊-
၆ - လူမိုက်က ကြီးသောရာထူးနေရာ၌ ထိုင်နေလျှက်၊ ချမ်းသာသူက နိမ့်သောနေရာတွင် ထိုင်နေရခြင်းဖြစ်ပါသည်။
၇ - အစေခံများ မြင်းများပေါ်တွင် ရှိနေကြခြင်း၊ မင်းညီမင်းသားများက အစေခံများသဖွယ် မြေပေါ်တွင်လျှောက်နေကြခြင်းကို ငါ
မြင်ခဲ့ပါပြီ။
၈ - တွင်းတူးသောသူသည် ၄င်းအထဲသို့ ပြန်ကြလိမ့်မည်၊- ခြံစည်းရိုးကို ချိုးဖြတ်သူလည်း မြွေဆိုးကိုက်ခံရမည်။
၉ - ကျောက်တုံးများအား ရွှေ့ပြောင်းသူသည်လည်း ၄င်းတို့ဖြင့် အနာတရဖြစ်ရမည်၊- သစ်ပင်အား ခုတ်ပိုင်းသူသည်လည်း ၄င်း
အားဖြင့် အန္တရယ်ဖြစ်လိမ့်မည်။
၁၀ - အကယ်၍ ပုဆိန် တုံးသွားလျှင်၊ အသွားကိုထက်အောင်မသွေးပါက၊ ပိုအားစိုက်ရပါမည်၊- သို့သော် ဉာဏ်ပညာက အောင်
မြင်ခြင်းကို ယူလာပေးသည်။
၁၁ - နှစ်သက်ကြည်နူးစေခြင်းမရှိလျှင်၊ မြွေဆိုးက အမှန်ပင် ပေါက်လိမ့်မည်၊- ပွစိပွစိပြောဆိုနေသူသည်လည်း ဘာမှ ပိုမကောင်း
ပါ။
၁၂ - ပညာရှိသူပါးစပ်မှ စကားလုံးများသည် ယဉ်ကျေးသိမ်မွေ့ကြပါသည်၊- သို့သော် လူမိုက်၏နှုတ်ခမ်းတို့ကမူ မိမိကိုယ်ကို ဝါးမြို
ပါလိမ့်မည်။
၁၃ - သူ့ပါးစပ်မှထွက်လာသော စကားလုံးတို့၏အစသည် မိုက်မဲခြင်းဖြစ်သည်၊- ထို့နောက် သူ၏ပြောဆိုခြင်း အဆုံးသတ်သည်
လည်း ထိခိုက်နစ်နာစေသော ရူးသွပ်မှုသာ ဖြစ်ပါသည်။
၁၄ - လူမိုက်သည် များပြားသောစကားလုံးများနှင့်လည်း ဖြစ်ပါသည်၊- လူသည် နောက်ဘာဖြစ်လိမ့်မည်ကို မပြောနိုင်ပါ၊- သူ့
နောက်တွင် ဘာဖြစ်လာဦးမည်နည်း၊ မည်သူက သူ့ကို ပြောနိုင်ပါသနည်း?
၁၅ - မိုက်မဲသူ၏လုပ်ဆောင်ခြင်းက လူတိုင်းကို စိတ်ညစ်စေပါသည်၊ အဘယ့်ကြောင့်ဆိုသော် သူသည် မြို့တော်ထဲ မည်သို့ သွားရ
မည်ကို မသိသောကြောင့်ဖြစ်ပါသည်။
၁၆ - သင့်ရှင်ဘုရင်သည် ကလေးဖြစ်လျှင်၊ အိုး ထိုနိုင်ငံ၊ သင်သည် ဒုက္ခလှလှတွေ့ပြီဖြစ်သည်၊ သင့် မင်းညီမင်းသားများသည် မ
နက်အချိန်၌ စားသောက်ကြပြီတကား!
၁၇ - သင့်ရှင်ဘုရင်သည် ဆွေကြီးမျိုးကြီးမှပေါက်ဖွားသူဖြစ်လျှင်၊ အိုး ထိုနိုင်ငံ၊ သင်သည် ကောင်းချီးခံရသောနိုင်ငံဖြစ်သည်၊ သင့်
မင်းညီမင်းသားများက အချိန်သင့်မှ စားသောက်ကြလိမ့်မည်၊ ခွန်အားအတွက် စားသောက်ကြမည်၊ မူးရူးဖို့ မဟုတ်!
၁၈ - များစွာသောပျင်းရိခြင်းဖြင့် အဆောက်အဦးသည် ဆွေးမြေ့ပျက်ဆီးသည်၊- တွဲလောင်းချ အချည်းနှီးအချိန်ဖြုန်းနေသော
လက်တို့ကြောင့် အိမ်သည် မိုးယိုတတ်ပါသည်။
၁၉ - ပွဲသည် ရယ်မောဖို့ ပြုလုပ်ခြင်းဖြစ်သည်၊ ဝိုင်က ပျော်မြူးစေသည်၊- သို့သော် ငွေက အားလုံးကို အဖြေပေးပါသည်။
၂၀ - ရှင်ဘုရင့်ကို မကျိန်နှင့်၊ သင့်အတွေးထဲ၌ပင် မပြုနှင့်၊- ထို့အတူ သူဌေးကိုလည်း သင့်အိပ်ခန်းထဲမှ မကျိန်နှင့်၊- အဘယ့်
ကြောင့်ဆိုသော် လေထဲမှ ငှက်က သင့်အသံကို ချီသွားမည်၊ ထို့နောက် အတောင်ပံရှိသောအရာများက အကြောင်းကိစ္စတို့ကို ပြော
ကြပါလိမ့်မည်။

+++++++++++

## သခင်ဘုရား၏နေ့ (၃၉)

၁၀၄။ ဘုရားသခင်က ပဥ္စမပညတ်တော်၌ မည်သည်ကိုတောင်းဆိုသနည်း?

ကျွန်ုပ်သည် မိမိ၏ဖခင်၊ မိခင်နှင့် ကျွန်ုပ်အပေါ်ဩဇာရှိသူအားလုံးထံ အားလုံးသောရိုသေလေးစားခြင်း၊ ချစ်ခြင်း၊ သစ္စာရှိ ခြင်းတို့ကို ပြရမည်။ ၄င်းတို့၏ ကောင်းမြတ်သော ဆုံးမလမ်းညွှန်မှုများ၊ အမှားပြင်ပေးခြင်းများသို့ မိမိကိုယ်ကို ထိုက်တန်သော နာခံခြင်းနှင့် အပ်နှံရမည်။ ထို့အပြင် ကျွန်ုပ်တို့အား သူတို့လက်များဖြင့် အုပ်ချုပ်ခြင်းကို ဘုရားသခင် သဘောကျသည်နှင့်အညီ သူတို့ ၏အားနည်းချက်များ၊ ချို့ယွင်းချက်များကိုလည်း သီးခံရပါမည်။